ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူကြားကပေါက်ဖွားလာသည့်တပ်မတော်သားများ ပြည်သူ့အကျိုးစီးပွားအစဉ်ထာဝရဦးထိပ်ထား
တပ်မတော်နှင့်ပြည်သူလက်တွဲပြီး နယ်စပ်ဒေသနှင့်အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးကွန်ရက်ပမာချိတ်ဆက်ဆောင်ရွက်နေ
အကြားအလပ်မကျန်တိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ
ဒေသအနှံ့အပြား ကိုယ့်ဇာတိရပ်ရွာလိုသဘောထားအားကြိုးမာန်တက်ဆောင်ရွက်ပြီး မိဘပြည်သူကိုအလုပ်အကျွေးပြု

ရန်ကုန် မေ ၆

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းပွဲ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရဲဘော်တို့-

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ တပ်မတော်ထဲကို အခြားအဆင့်မှ စတင်ဝင်ရောက်ခဲ့ကြပြီး စိတ်ဓာတ်နဲ့စည်းကမ်းကောင်းမွန်ခြင်း၊ ကြိုးစားအားထုတ်မှုကောင်းမွန်ခြင်းတို့ကြောင့် သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီလာပြီး ချီးမြှင့်မှုတစ်ရပ်အနေနဲ့ ဗိုလ်လောင်းသင်တန်း တက်ရောက်ခွင့်ကို ရရှိခဲ့ကြသူတွေဖြစ်တယ်။ ယနေ့ဆိုရင် ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ခံယူကြရတော့မှာ ဖြစ်တယ်။

ရဲဘော်တို့-

တို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ သန္ဓေတည်ပေါက်ဖွားခဲ့ပြီး မွန်မြတ်သော အစဉ်အလာ (၁၂)ရပ်နဲ့ ပြည့်စုံတဲ့ တပ်မတော်ဖြစ်တယ်။ တပ်မတော်သားတွေဟာ မျိုးချစ်စိတ်ဓာတ်နဲ့ စွန့်လွှတ်စွန့်စားခဲ့ကြတယ်။ မျိုးချစ်စိတ်ဓာတ်ကြောင့် အပင်ပန်းအဆင်းရဲခံနိုင်ပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ တပ်မတော်အဖြစ် ရှင်သန်လာခဲ့တယ်။ ထို့အတူပဲ ရဲစွမ်းသတ္တိရှိခြင်း၊ စည်းကမ်းကောင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားခြင်း၊ ခွဲ၊လုံ့လ၊ ဝီရိယရှိခြင်း၊ စွမ်းရည်ရှိခြင်းစတဲ့ ဂုဏ်သတ္တိတွေဟာ မျိုးချစ်စိတ်ဓာတ်အပေါ်မှာ အခြေခံပြီး ဖြစ်ထွန်းလာကြတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၇ ရက်)

ကျေးလက်ပြည်သူတို့ လိုလားချက်သိရှိရန် လေ့လာဖြည့်ဆည်း နိုင်ငံတော်၏ စေတနာသိမြင်၊ ဒေသပိုမိုဖွံ့ဖြိုးရေး ကြိုးပမ်း

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန် စတင်ယူစဉ်ကပင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သည့် နယ်စပ်အစွန်အဖျားဒေသများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် အင်နှင့်အားနှင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ဤကဲ့သို့ဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ ကျန်ဒေသများတွင်လည်း ဖွံ့ဖြိုးမှုနောက်ကျပြီး ကွက်လပ်အဖြစ် ကျန်မနေစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးလာစေရန် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများက အဓိကထား အကောင်အထည်ဖော်ကြရမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မေလ ၄ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့ခန်းမ၌ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းများအပါအဝင် ကဏ္ဍအလိုက် မြို့နယ်တာဝန်ခံများ၏ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး သိလိုသော အချက်များကို မေးမြန်း၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင်-

"နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ရမည့်သူများမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများပင် ဖြစ်ကြောင်း၊ မိမိတို့မြို့နယ်အတွင်း ကျေးလက်ဒေသများသို့ အရောက်သွားပြီး ကျေးလက်ဒေသနေ ပြည်သူများ၏ သဘောထားနှင့် လိုလားချက်များကို ကိုယ်တိုင်သိရှိအောင်လေ့လာပြီး ဆောင်ရွက်သင့် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ရင်း ပြည်သူများ၏ လေးစားအားကိုးမှု ရရှိအောင် စေတနာအား၊ ဝီရိယအားတို့ဖြင့် ပေါင်းစပ်ပြီး ပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံအားထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း"

ပြောကြားသွားသည်။

ထို့ပြင် မြို့နယ်အတွင်း ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ နိုင်ငံ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည့် စေတနာ့ဝန်ထမ်း၊ လူမှုရေးအသင်း အဖွဲ့များ၏အားကို ရယူလျက် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မှန်ကန်သောဦးဆောင်မှု၊ စီမံခန့်ခွဲမှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော် စုပေါင်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စု နိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိရန် အထူးအရေးကြီးပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည် ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးတို့အတွက် တာဝန်သိသိ စေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျေးလက်ပြည်သူများ၏ လိုလားချက်ကို သိရှိ အောင် လေ့လာကာ ဆောင်ရွက်ဖွယ်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ ဒေသခံ ပြည်သူများကလည်း နိုင်ငံတော်၏ စေတနာကိုသိမြင်ပြီး မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး တက်ညီ လက်ညီ ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ဝန်ကြီး ဦးသန်းအောင် ကြည့်ရှုအားပေး

ရန်ကုန် မေ ၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် မေ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စိန်ရတုခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲကို လာရောက် ကြည့်ရှုအားပေးသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကျင်းပသည့် စိန်ရတုခန်းမ မြေညီထပ်ရှိ အခြေခံပညာကဏ္ဍ အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှု ပြခန်းများကိုလည်းကောင်း၊ ဒုတိယထပ်ရှိ ICT Development ပြခန်းနှင့် ပညာရေးပတ်ဝန်းကျင်နှင့် ပညာရေးဆိုင်ရာ အဆောင်အယောင်များ ပြခန်းများကိုလည်းကောင်း၊ တတိယထပ်ရှိ အဆင့်မြင့်ပညာကဏ္ဍ အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှု ပြခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာပြခန်း တာဝန်ခံများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသွားသည်။

(သတင်းစဉ်)

မေ ၅ ရက်က ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပရာ အရောင်းပြခန်းများအား တွေ့ရစဉ်။
(မြန်မာ့အလင်း)

ကြယ်တံခွန် ပန်းချီပြပွဲဖွင့်လှစ်ပြသ

ရန်ကုန် မေ ၆

ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)အရောင်းပြခန်း ဗိုလ်ချုပ်ဈေးတွင် ဥက္ကဋ္ဌဦးသောင်းဟန်အမှူးပြုသော အဖွဲ့ဝင်များဖြစ်ကြသည့် ကျော်သောင်း၊ ကျော်ရှိန်၊ ဝင်းသော်၊ နိုင်သူ၊ ကျော်လွင်မိုး၊ ကိုနိုင်ကြီး၊ လူလူအောင်၊ မွန်သက်၊ သိန်းရွှေကြည်၊ မောင်ကျော်ညွန့်နှင့် ဇော်မင်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုက်လစ် ပန်းချီကား ၆၀ ကို မေ ၇ ရက်မှ ၁၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသမည် ဖြစ်သည်။

မြန်မာတိုင်းရင်းသူ၊ တိုင်းရင်းသားတို့၏ ရိုးရာ အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှု၊ ကျေးလက်တောရွာသားတို့၏ လူနေမှုဘဝ၊ မြန်မာရိုးရာပွဲတော်များကို ထူးထူးခြားခြားသရုပ်ဖော်ထားသော ပန်းချီကားများပါဝင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ (၁၁) ရက်မှ (၁၃) ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မြဝတီရုပ်မြင်သံကြား

၇-၅-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Book-keeping Procedures and Cash Book (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၁၀။ ပညာခေတ်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၇)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၃၉)

မြန်မာနိုင်ငံသည် ရေမြေသဘာဝရာသီဥတုမျှတပြီး အဖိုးတန်သယံဇာတများပေါများကြွယ်ဝသည့်နိုင်ငံဖြစ် ကြွယ်ဝသည့် အဖိုးတန်သယံဇာတအရင်းအမြစ်များကို တန်ဖိုးရှိရှိအသုံးချနိုင်အောင် ပညာရှင်များကအားထုတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုတိုးတက်မြင့်မားမည်မှာ မလွဲကေန်ပင်ဖြစ်

ရန်ကုန် မေ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ စတုတ္ထနှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊သစ်တောရေးရာ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ နိုင်ငံတကာအလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာ တင့်တယ်မြင့်မားထည်ဝါစွာ ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက် တစ်မျိုးသားလုံးက အမျိုးသားရေးစိတ်ဓာတ်မြင့်မားခိုင်ကျည်စွာ တက်ညီလက်ညီ လက်တွဲကြိုးပမ်းစွမ်းဆောင်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

ယခုကဲ့သို့ အချိန်အခါမျိုးတွင် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝခိုင်မာတောင့်တင်းရေးတွင် အရေးပါလှသော စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍက ဝါရင့်၊သမ္မာရင့်ပညာရှင်ကြီးများအနေဖြင့် ယခုကဲ့သို့ စုစည်းခိုင်မာသော ပညာရှင်အဖွဲ့ကြီးအဖြစ် ညီညာဖြဖြလှုပ်ရှားဆောင်ရွက်နေခြင်းသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိသကဲ့သို့ ပညာရပ်ဆိုင်ရာ စွမ်းအားစုကြီးတစ်ရပ်ခိုင်ခိုင်မာမာဖြစ်ထွန်းနေခြင်းကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍ အသီးသီးကို သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်းတိုးတက်ပြောင်းလဲမှုများက လွှမ်းမိုး ပိုင်းဖြတ်လျက်ရှိနေသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်လို မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုအလျဉ်နှင့်အမီ လိုက်ပါနိုင်ရေးသည် မိမိနိုင်ငံသူ၊ နိုင်ငံသားပညာရှင်များ၏ကြိုးပမ်းစွမ်းဆောင်မှုအပေါ်တွင် အဓိကတည်မှီလျက်ရှိနေကြောင်း။

ဦးဆောင်ကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကိုထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့်သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာအဆင့်မီတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် သာမက နိုင်ငံတကာမျက်နှာစာ၌မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်စေရေးအတွက် သိပ္ပံနှင့်နည်းပညာရပ်များ၏တိုးတက်ဖြစ်ထွန်းမှုများနှင့် ယှဉ်တွဲပြီး အမျိုးသားစီးပွားရေး စွမ်းအားကို အခိုင်အမာတည်ဆောက်ထားနိုင်စေရန် အတွက်ပါ မိမိနိုင်ငံသူ၊ နိုင်ငံသားပညာရှင်များက မိမိတို့တတ်သိကျွမ်းကျင်ရာပညာရပ်ဆိုင်ရာအရ ဦးဆောင်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေအနေ၊အချိန်အခါမျိုးတွင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်ချက်များနှင့်အညီ သိပ္ပံနှင့်နည်းပညာဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးက ပညာရည်ထက်မြက်မြင့်မားပြီးအတွေ့အကြုံရင့်ကျက်သည့်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားအတွက်အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားစွာဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများကို ပညာရပ်ဆိုင်ရာအလိုက် ပညာရှင်အဖွဲ့များအဖြစ်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းသည် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ မိမိတို့ပုဂ္ဂိုလ်ရေးအတွက်သော်လည်းကောင်း များစွာဂုဏ်သိက္ခာရှိစေပြီး နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း။

အထောက်အကူပြု

ယနေ့နိုင်ငံတကာတွင်ကြည့်လျှင်လည်း သိပ္ပံနှင့် နည်းပညာဆိုင်ရာ အကယ်ဒမီများဖွဲ့စည်းပြီး ၎င်းအကယ်ဒမီများအောက်တွင် ပညာရပ်မျိုးကွဲများအလိုက် ဘာသာရပ်ဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်း၍ သုတေသနပြုမှု၊ အကြံဉာဏ်ကောင်းများ ပြုစုမှုဆောင်ရွက်နေကြသည့် အစဉ်အလာတစ်ရပ်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရကြောင်း၊ ဤပညာရပ်ဆိုင်ရာ အဖွဲ့များသည် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေး မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးမှုအတွက် သာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအထောက်အကူပေးနိုင်သည်ကိုတွေ့ရကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအတွက်လည်း ပညာရှင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ စတုတ္ထနှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီး အဖွဲ့၏ သုတေသနပြု ဆောင်ရွက်ချက်များနှင့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဖွဲ့(Academy)များဖွဲ့စည်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးနိုင်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍက ပါဝင်စွမ်းဆောင်စေခြင်းသည်မရှိမဖြစ်သော အစီအမံတစ်ရပ် ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ရေမြေသဘာဝ၊ ရာသီဥတုမျှတပြီး အဖိုးတန်သယံဇာတများပေါများကြွယ်ဝလှသည့်အပြင် မြန်မာနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများသည်လည်း ပင်ကိုဗီဇအားဖြင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားပြီး ပညာကိုတန်ဖိုးထားလိုလားသည့်စိတ်ဓာတ်အခြေခံလည်း ရှိထားပြီးဖြစ်သည့်အတွက် ပညာရပ်ဆိုင်ရာအလိုက် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပြီး နိုင်ငံတော်၏ ကြွယ်ဝလှသော အဖိုးထိုက်သယံဇာတ အရင်းအမြစ်များကို တန်ဖိုးရှိရှိ အသုံးချနိုင်အောင် ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် ပညာရှင်အဖွဲ့ အသီးသီးက အားထုတ်ကြိုးပမ်းစွမ်းဆောင်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း ပိုမိုတိုးတက် မြင့်မားလာမှာ မလွဲကေန်ပင်ဖြစ်ကြောင်း။

တိုးတက်မြင့်မား

ယနေ့နိုင်ငံတကာတွင် သဘာဝသယံဇာတ ထုတ်လုပ်အသုံးပြုမှုကို စီးပွားရေးအမြင်သက်သက်ဖြင့်သာ မဟုတ်ဘဲ လူမှုဖွံ့ဖြိုးရေးအမြင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအမြင်ဖြင့် ယှဉ်တွဲဆောင်ရွက် နေကြသည်သာမက သဘာဝသယံဇာတ ထုတ်လုပ်မှုကို ပိုမိုတန်ဖိုးမြင့်မားအောင် နည်းပညာစွမ်းပကားဖြင့် ပြုပြင်မြှင့်တင် ဖန်တီးဆောင်ရွက်လာကြသည့် အတွက် တန်ဖိုးပိုမိုမြင့်မားလာသကဲ့သို့ ပညာရှင်များ၏ စွမ်းဆောင်နိုင်မှု အရည်အသွေးလည်း ပိုမို၍ပင် တိုးတက်မြင့်မားလာလျက်ရှိနေပြီဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် မြန်မာနိုင်ငံအတွက် အခြေခံအကျဆုံး၊ အားအထားရဆုံး အရင်းအမြစ်များဖြစ်သည့်အပြင် နိုင်ငံသူ နိုင်ငံသားပြည်သူအများစုကြီး၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့်လည်း ဆက်စပ်လျက်ရှိခြင်းကြောင့် အမျိုးသား စီးပွားရေးဘဝ မြှင့်တင်ပေးရေးအတွက်ရော ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်ပါ ပဓာနကျသည့် တွန်းအားတစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရက ခံယူပြီး စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူး အလေးထား ကြိုးပမ်းစွမ်းဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ကြီး၏ ပညာရပ်ဆိုင်ရာ အထောက်အကူပြု ပံ့ပိုးပေးမှု၊ ပညာရပ်ဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းလာစေရေးတို့အတွက် ပံ့ပိုးဆောင်ရွက်ပေးမှု၊ နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူများအကြား ပညာဉာဏ်အမြော်အမြင် တိုးတက်မြင့်မားရေး၊ နည်းပညာပြန့်ပွားရေးနှင့် ကျွမ်းကျင်မှု အရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်နေစေရေးတို့အတွက် ပညာပေးဖြန့်ဖြူးမှု စသည့် ကြိုးပမ်းစွမ်းဆောင်မှုများသည် နိုင်ငံတော်အတွက်ရော ပြည်သူများအတွက်ပါ များစွာ အကျိုးဖြစ်ထွန်းစေလျက်ရှိသည်ဟု ပြောကြားလိုကြောင်း။

ပညာရှင်အဖွဲ့ကြီး အနေဖြင့် ဘာသာရပ်ဆိုင်ရာ သီးခြားစာအုပ်စာတမ်းများ ပြုစုထုတ်ဝေလျက်ရှိသည့်အပြင် နှစ်စဉ်ကျင်းပသည့် သုတေသန စာတမ်းဖတ်ပွဲများ၌ တင်သွင်းဖတ်ကြားခဲ့သည့် စာတမ်းများကို ပုံနှိပ်ထုတ်ဝေမှု၊ စာတမ်းဖတ်ပွဲများ၌ တင်ပြခြင်း မပြုရသေးသော သုတေသန တွေ့ရှိချက်များကို စာတမ်းပြုစုပြီး နည်းပညာ ဂျာနယ်အသွင်ဖြင့် တစ်နှစ် နှစ်ကြိမ်ထုတ်ဝေမှုများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

ထို့အပြင် ပညာရှင်အဖွဲ့၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်အဖွဲ့ဝင်များသည် မိမိတို့ တတ်သိကျွမ်းကျင်ရာ ပညာရပ်များအလိုက် တက္ကသိုလ်များတွင် စာပေသင်ကြားပို့ချပေးမှု၊ ဘွဲ့လွန်သင်တန်းများအတွက်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးမှုများ၊ ပြင်ပစာစစ်မှူးများအဖြစ် ဆောင်ရွက်ပေးမှုများအပြင် နိုင်ငံတော်အစိုးရ၏ဌာနဆိုင်ရာနည်းပညာသင်တန်းများတွင် ပါဝင်ပို့ချပေးမှုများ စသည်ဖြင့် မိမိတို့ ကျွမ်းကျင်ရာ အတတ်ပညာများကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေမှုများ အခါမလပ် ပြုလုပ်နိုင်ခြင်းသည် အလွန်ကောင်းမွန်သော ကြိုးပမ်း ဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း။

အလွန်အကျိုးရှိ

ထို့ပြင် ပညာရပ်များပြန့်ပွားရေးနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာနည်းပညာများ ဖော်ထုတ်နိုင်ရေးအတွက် အစိုးရဌာနအချင်းချင်းပေါင်းစည်း၍ Seminar များ၊ Workshop များကိုလည်း စည်းရုံးဆောင်ရွက်နိုင်ခဲ့သည့်အပြင် နိုင်ငံတကာမှ ထင်ရှားသော သိပ္ပံပညာရှင်များကို ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲ၊ ဟောပြောပွဲများကျင်းပမှုများ၊ နိုင်ငံခြား တိုင်းပြည်များမှ ပညာရှင်များနှင့် ပူးပေါင်းပြီး ကွင်းဆင်းလေ့လာဆွေးနွေးမှုများပြုလုပ်ပြီး မျိုးဆက်သစ်ပညာရှင်များအတွက် ဗဟုသုတနှင့် အတွေ့အကြုံများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနေမှုများသည်လည်း အလွန်အကျိုးရှိသော ဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း။

ပညာရှင်အဖွဲ့အနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများကိုလည်း နှစ်စဉ်ကျင်းပလျက်ရှိရာတွင် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အထိစာတမ်းပေါင်း ၁၉၅ စောင်တင်သွင်းဖတ်ကြားဆွေးနွေးနိုင်ခဲ့ပြီး ထိုသုတေသနစာတမ်းများကို အင်တာနက်မှတစ်ဆင့် ထုတ်ယူဖတ်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရကြောင်း။

သို့သော်လည်း သုတေသနပြုမှုအပိုင်းတွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပညာရှင်များအနေဖြင့် မိမိတို့၏ ပင်မဌာနအတွက်သာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပြီး အခြားသောနိုင်ငံ့အကျိုးဖြစ်ထွန်းစေမည့် ဘာသာရပ်စုံသုတေသနပြုမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသေးသည်ဟု ပြောကြား၍ ရကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကင်းလှည့်ထွက်သော အမေရိကန်တို့၏ ဟမ်းဗီးစစ်ယာဉ်တိမ်းမှောက် ကန်တပ်ဖွဲ့ဝင်လေးဦး ရရှိသောဒဏ်ရာဖြင့် သေဆုံးသွား

ဘဂ္ဂဒက် မေ ၅

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် ကင်းလှည့်ထွက်သော အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီး တိမ်းမှောက်သွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားသည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့၌ ပြောကြားသည်။

အမှတ်(၁)ခြေမြန်တပ်မှ အဆိုပါ တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်အရှေ့မြောက်ဘက် မိုင် ၄၀ ရှိ ခါလစ်အနီး၌ ကင်းလှည့်စဉ် တနင်္လာနေ့ညက ဟမ်းဗီးစစ်ယာဉ်လိမ့်ပြီး တိမ်းမှောက်ခြင်းကြောင့် ရရှိခဲ့သောဒဏ်ရာများဖြင့် သေဆုံးခြင်းဖြစ်သည်ဟု စစ်ဘက်ကကြေညာချက် ထုတ်ပြန်သည်။ ဧပြီ ၁ ရက်၌ တိုက်ခိုက်မှုများ ပြင်းထန်ခဲ့ချိန်မှစပြီး ယခု သေဆုံးသော တပ်ဖွဲ့ဝင်အရေအတွက်နှင့်ဆိုလျှင် စုစုပေါင်း ၁၅၇ ဦး ရှိသွားပြီဖြစ်သည်။

၂၀၀၃ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့သည်မှ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၇၅၉ ဦး ထက်မနည်း ရှိသွားပြီဖြစ်သည်။

(အင်တာနက်)

ဖော်လူဂျာမြို့၌ အီရတ်တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်

ဘဂ္ဂဒက် မေ ၄

အီရတ်လက်နက်ကိုင်များက ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တို့ လျှို့ဝှက်စွာထားသော လက်နက်သိုလှောင်ရုံကို စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဖော်လူဂျာမြို့၌ ဒေသခံများသည်မိမိတို့၏နေအိမ်များသို့ ပြန်လာပြီဖြစ်ပြီး မြို့တွင်းပြင်းထန်သောတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ယခုအခါ မြို့တွင်းမှ ပြန်လည်ဆုတ်ခွာနေကြပြီဖြစ်သည်။

ဆေးကုသ

အီရတ်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့တွင်း လှည့်လည် စောင့်ကြပ်လျက်ရှိပြီး ၎င်းအီရတ်တပ်မဟာကို ဗိုလ်ချုပ်မိုဟာမက် အက်ဘ်ဒူလ်ရာဟိမ်းက ဦးဆောင်လျက်ရှိသည်။ ထိုအတောအတွင်း ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသော အမေရိကန်လူမျိုး သောမတ်စ်ဟာမီးလ်သည် ဂျာမနီနိုင်ငံရှိ အမေရိကန် အခြေစိုက်စခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည်။

၎င်းကို ကင်းလှည့်နေသော အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့က ဘဂ္ဂဒက်မြို့အနီး၌ ပြီးခဲ့သော တနင်္ဂနွေနေ့က တွေ့ရှိကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အရပ်ဘက် ထရပ်ကားမောင်းသူတစ်ဦးဖြစ်ပြီး ပြီးခဲ့သောလအတွင်းက ချုံခိုတိုက်ခိုက်မှုတစ်ခု၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

(စီအင်န်အင်န်)

အီရတ်အကျဉ်းသားများကိစ္စ ကျဆင်းခဲ့သည့် သိက္ခာပြန်ဆယ်ရန် ဘုရှ်အစိုးရ မငံ့မရဲဖြစ်နေ

ဝါရှင်တန် မေ ၅

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသည့် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်နေသည့် ဓာတ်ပုံများနှင့်ပတ်သက်ပြီး ပျက်စီးသွားသော သိက္ခာကိုပြန်ဆယ်ရန် အမေရိကန်သမ္မတ ဘုရှ်အစိုးရသည် မငံ့မရဲ မလုံမလဲဖြစ်လျက်ရှိသည်။

မေးမြန်းမည်

ယင်းကိစ္စနှင့်ပတ်သက်ပြီး သမ္မတဘုရှ်ကို အာရပ်ဘာသာဖြင့်လွှင့်ထုတ်သော ရုပ်မြင်သံကြားဌာန နှစ်ခုက ယနေ့တွေ့ဆုံဆွေးနွေးမေးမြန်းမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဖုံးကွယ်

အမေရိကန်အစိုးရ လုံခြုံရေးအကြံပေးအရာရှိ ကွန်ဒိုလီဆာရိုက်စ်ကို လက်ဘနွန်နိုင်ငံ ရုပ်မြင်သံကြားက အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ အီရတ်လက်နက်ကိုင်များ၏ ခုခံတားဆီးမှုများနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်။ ယခုအခါ အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်၏ ဂုဏ်သတင်းသည် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသည့် ဖြစ်ရပ်ကို သမ္မတဘုရှ်အစိုးရအဖွဲ့သည် ဖုံးကွယ်ထားခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

ကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးနှိပ်စက်ခြင်းခံခဲ့ရသည့် ကနေဒါနိုင်ငံသားတစ်ဦးက လျော်ကြေးတောင်းဆို

အော့တဝါ မေ ၅

အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များက ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ယခင်နှစ်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထောင်ချကာ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည့် ကနေဒါနိုင်ငံသားတစ်ဦးက အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ လျော်ကြေးပေးရန် အမေရိကန်စစ်တပ်သို့ အင်္ဂါနေ့က တောင်းဆိုလိုက်သည်။

အသက် ၅၇နှစ်အရွယ်ရှိ ဟော့ဆန် ရှပ်တောက်သည် လေယာဉ် အင်ဂျင်နီယာ တစ်ဦးဖြစ်ပြီး ကိုရွန့်ကိုမြို့၌ နေထိုင်ခဲ့သူလည်းဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်က အမေရိကန်စစ်ဘက်ရုံးသို့ ဧပြီ ၃၀ ရက်က တိုင်တန်းခဲ့သည်။

သွားရောက်

၎င်းသည် စစ်ပွဲမဖြစ်မီက အီရတ်နိုင်ငံသို့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ ကိုယ်စား သွားရောက်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ ကနေဒါနိုင်ငံသားအား အမေရိကန်တပ်ဖွဲ့ဝင်များက ၂၀၀၃ ခုနှစ် ဧပြီ ၉ရက်ကဖမ်းဆီးခဲ့ပြီး အီရတ်တောင်ပိုင်း ဘာကာထိန်းသိမ်းရေး အခြေစိုက်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်ဟုဆိုသည်။

ရိုက်နှက်

အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းအား သံချပ်ကာယာဉ်ထဲတွင် သုံးရက်ကြာထားပြီး ရိုက်နှက်ခဲ့သည်ဟု ဆိုသည်။ အခြားသော အီရတ်များကိုလည်း အမေရိကန်တို့က ညှဉ်းပန်းနှိပ်စက်နေသည်ကို တွေ့ခဲ့ရသည်ဟု ၎င်းက ပြောဆိုသည်။

လွတ်မြောက်

အဆိုပါပုဂ္ဂိုလ်သည် အမေရိကန် တပ်များ၏ ဖမ်းဆီးခြင်းမှလွတ်မြောက်ပြီး အီဂျစ်သို့ ရောက်ရှိခဲ့သည်ဟု ပြောကြားသည်။ သူသည် ယခုစိတ်ဖိစီးမှုဒဏ်ကို ခံစားနေရသဖြင့် ဆေးကုသမှုခံယူလျက်ရှိရာ အလုပ်မလုပ်နိုင်သေးဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

စစ်ဆေးမေးမြန်း

မေ ၅ရက်က အီရတ်နိုင်ငံ ကူဖာမြို့အပြင်ဘက် စစ်ဆေးရေးစခန်းတစ်ခု၌ မော်တော်ယာဉ်တစ်စီးပေါ်မှ မိုတာဒါအယ်လ်ဆာဒါ၏ ရုပ်ပုံပိုစတာတစ်ခုကို တွေ့ရှိသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်အချို့အား စစ်ဆေးမေးမြန်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန့်ကွက်ဆန္ဒပြ

မေ ၅ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အီရတ်၌ အကျဉ်းသားများကိုနှိပ်စက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်ကို ကန့်ကွက်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်၌ ပန်းနာရင်ကျပ်ရောဂါ ပညာပေးကျောင်းများ ဖွင့်လှစ်ဆောင်ရွက်

ပါရီ မေ ၅

ယနေ့သည် ကမ္ဘာ့ပန်းနာရင်ကျပ်ရောဂါတိုက်ဖျက်ရေးနေ့ ဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ ယခုအခါ ပန်းနာရင်ကျပ်ဝေဒနာရှင်အရေအတွက်သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကထက် နှစ်ဆခန့်ရှိလာသည်။ ပန်းနာရင်ကျပ်ဝေဒနာရှင်ဦးရေ မြင့်တက်လာလျက်ရှိနေပြီး ယခု ပြင်သစ်နိုင်ငံ၌ အဆိုပါရောဂါဝေဒနာရှင်ဦးရေ လေးသန်းခန့် ရှိနေသည်။

အဆိုပါရောဂါအတွက် ကျန်းမာရေးပညာပေးရန် ပန်းနာရင်ကျပ်ကျောင်းများ လစဉ်ဖွင့်လှစ်ပညာပေးဆောင်ရွက်လျက်ရှိရာ ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းများ၌ ရောဂါလက္ခဏာများအကြောင်း ကျန်းမာရေးဗဟုသုတ ပိုမိုရရှိစေသည်။ ပန်းနာရင်ကျပ်ရောဂါသည် ရောဂါအစပျိုးချိန်၌ ကြပ်ကြပ်မတ်မတ် ကုသမည်ဆိုလျှင် သက်သာပျောက်ကင်းနိုင်ပြီး ဂရုစိုက်ကုသမှုမပြုလျှင် ပို၍ဆိုးလာမည်ဖြစ်သည်။ စားသောက်သော အစားအစာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဝတ်မှုန်များနှင့် ရာသီဥတု စသည်များသည် ပန်းနာရင်ကျပ်ရောဂါ ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။ အဆိုပါရောဂါသည်ကာကွယ်မှုတစ်ခုတည်းဖြင့် လုံလောက်မှုမရှိဘဲ ဆေးဝါးကုသမှုပါ လိုအပ်သောရောဂါမျိုးဖြစ်သည်။

(စီအက်ဖ်အိုင်)

အီရတ်၌ဖြစ်ပွားနေသော တိုက်ခိုက်မှုများရပ်တန့်သွားစေရန် အီရတ်တို့ကို အုပ်ချုပ်ရေးအမြန်လွှဲပေးမှုဖြစ်မည်ဟု ဆော်ဒီပြောကြား

ဂျက်ဒါ(ဆော်ဒီအာရေဗျ) မေ ၅

အီရတ်နိုင်ငံ၌ဖြစ်ပွားနေသော တိုက်ခိုက်မှုများသည် အီရတ်တို့ကို အချုပ်အခြာအာဏာပြည့်ပြည့်ဝဝနှင့် မြန်မြန်ထက်ထက်လွှဲပြောင်းပေးပြီး ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့များ ပြန်လည်တည်ဆောက်ခြင်းဖြင့်သာ ရပ်တန့်သွားမည်ဖြစ်သည်ဟု အိမ်နီးချင်း ဆော်ဒီအာရေဗျနိုင်ငံက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏မြောက်ဘက် နယ်စပ်အခြေအနေကို ဆော်ဒီအာရေဗျနိုင်ငံက စိုးရိမ်တကြီးစောင့်ကြည့်နေသည်ဟု နိုင်ငံခြားရေးဝန်ကြီး မင်းသားဆော့ဒ်အယ်လ်ဖိုင်ဆယ်က ပြောကြားသည်။

အီရတ်နိုင်ငံ၌ဖြစ်ပွားနေသော သွေးထွက်သံယို ထိပ်တိုက်ရင်ဆိုင်တွေ့မှုများကို အီရတ်တို့အား အချုပ်အခြာအာဏာ မြန်မြန်ထက်ထက် လွှဲပေးခြင်းမရှိဘဲ ရှောင်လွှဲရရှိမည်မဟုတ်ကြောင်း မင်းသားဆော့ဒ်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များသည် ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချပြီးနောက် တစ်နှစ်ကျော်အကြာ ဇွန်လကုန်၌ အီရတ်တို့အား အချုပ်အခြာအာဏာ လွှဲပေးရန်ရှိသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့သည် အီရတ်နိုင်ငံအား ထိန်းချုပ်တာဝန်ယူရန် အသင့်မရှိသေးကြောင်း ပြောကြားထားသည်။ လွန်ခဲ့သည့်နှစ်၌ အမေရိကန်ပြည်ထောင်စုက ဖျက်သိမ်းခဲ့သော အီရတ်လက်နက်ကိုင်တပ်များကို အီရတ်နိုင်ငံ၏ လုံခြုံရေးကိုဖြည့်စွက်ရန်အတွက် တစ်နေ့နေ့တွင် ပြန်လည်ထူထောင်ရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မင်းသားဆော့ဒ်အယ်လ်ဖိုင်ဆယ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မေ ၅ ရက်က လန်ဒန်မြို့၏ တော်ဝင်တရားရုံးအပြင်ဘက်၌ အီရတ်စစ်ပွဲဆင်နွှဲမှုကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တတိယမြောက်ပြန်ပေးဆွဲခံရသော ကနေဒါနိုင်ငံသား ဘဂ္ဂဒက်မြို့တွင် ပြန်လည်လွတ်မြောက်လာခဲ့

အော့တဝါ မေ ၅

အမည်မသိအုပ်စုတစ်စုက လွန်ခဲ့သည့်အပတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးသွားခြင်းခံခဲ့ရသော ကနေဒါနိုင်ငံသားသည် ကောင်းမွန်စွာဖြင့် လွတ်မြောက်ခဲ့ကြောင်း ကနေဒါနိုင်ငံက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ နာကျီအယ်လ်ကူဝေတီကို ဘဂ္ဂဒက်၌ အင်္ဂါနေ့က ကောင်းမွန်စွာ ပြန်လွှတ်ပေးလိုက်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

၎င်းသည် ကနေဒါနိုင်ငံသို့ပြန်ရန် စီစဉ်လျက်ရှိကြောင်း၊ ယခုထက်ပို၍ မပြောပြနိုင်ကြောင်းလည်း ကနေဒါနိုင်ငံခြားရေးရာဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

အယ်လ်ကူဝေတီသည် အီရတ်နှင့် ကနေဒါနိုင်ငံသားလက်မှတ်များကို ကိုင်ဆောင်ထားပြီး လွန်ခဲ့သည့်ဗုဒ္ဓဟူးနေ့၌ ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းသည် ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး တတိယမြောက် ပြန်ပေးဆွဲခံရသော ကနေဒါနိုင်ငံသားဖြစ်သည်။ **(အင်တာနက်)**

လွန်ခဲ့သည့်နှစ်က အီရတ်ကိုဆင်နွှဲခဲ့သည့်စစ်ပွဲ ဩစတြေးလျမပါဝင်သင့်ကြောင်း နိုင်ငံသားအများစုယုံကြည်

ကင်ဘာရာ မေ ၅

လွန်ခဲ့သည့်နှစ်၌ အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုဆင်နွှဲခဲ့သည့်စစ်ပွဲတွင် ဩစတြေးလျနိုင်ငံ မပါဝင်သင့်ကြောင်းကို ဩစတြေးလျနိုင်ငံသား အများစုက ပထမဆုံးအကြိမ် ယုံကြည်လာကြောင်း အင်္ဂါနေ့က ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်း၌ ဖော်ပြထားသည်။

သဘောထားမေးမြန်းခံရသူ ၅၀ ရာခိုင်နှုန်းက စစ်ပွဲဆင်နွှဲဖို့မသင့်ကြောင်း ယုံကြည်ကြပြီး လွန်ခဲ့သည့်အပတ်၌ လုပ်ဆောင်ခဲ့သည့် နယူးစ်ပိုးလ် လူထုသဘောထားကောက်ယူမှုတွင် ဖော်ပြထားသည်။

ထောက်ခံ

ဖေဖော်ဝါရီလထဲ၌ ပြုလုပ်ခဲ့သော လူထုသဘောထားကောက်ယူမှုတွင်မူ စစ်ပွဲဆင်နွှဲရန်မသင့်ကြောင်း ယုံကြည်သူ ၄၅ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရသည်။ အီရတ်တွင်ရှိသော ဩစတြေးလျတပ်ဖွဲ့ဝင် ၉၀၀ ခန့် ရုပ်သိမ်းမည့်အချိန်နှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံသား ၄၇ ရာခိုင်နှုန်းက အတိုက်အခံ လေဘာပါတီခေါင်းဆောင် မာ့ခ်လာသမ်၏ သဘောထားကို ထောက်ခံခဲ့ကြသည်။

ပြန်ခေါ်မည်

အတိုက်အခံခေါင်းဆောင် မာ့ခ်လာသမ်က ယခုနှစ်ကုန်၌ ကျင်းပမည့် ရွေးကောက်ပွဲ၌ အကယ်၍ လေဘာပါတီအနိုင်ရလျှင် ခရစ္စမတ်ကာလတွင် တပ်ဖွဲ့ဝင်များကို နေရပ်ပြန်ခေါ်မည်ဟု ကတိပေးထားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မေ ၅ ရက်က ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ် အကျဉ်းစခန်းအပြင်ဘက်တွင် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှုဖြစ်ရပ် ကန်နိုင်ငံအတွင်း စစ်ဆန့်ကျင်ရေးသမားများ ပိုမိုဒေါသထွက်

ဝါရှင်တန် မေ ၅

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းမှုပြုသည့် ဓာတ်ပုံများကြောင့် အမေရိကန်သမ္မတရွေးကောက်ပွဲအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ယခုစွပ်စွဲချက်သည် နိုင်ငံရေးအရ အလွန်အရေးပါသော သက်ရောက်မှုများဖြစ်ရာ အီရတ်စစ်ပွဲဆင်နွှဲခြင်းသည် အီရတ်ပြည်သူတို့ လွတ်မြောက်ရေးအတွက်ဟု အကြောင်းပြသော သမ္မတဘုရှ်အဖို့ အဖြေရခက်စေလျက်ရှိသည်။ အရှေ့အလယ်ပိုင်းဒေသနေ အာရတ်ပြည်သူများက ဒေါသတကြီး တုံ့ပြန်ခဲ့ကြပြီး ကမ္ဘာတစ်ဝန်းကလည်း အမျက်ထွက်ခဲ့ကြသည်။

အယ်လ်ဂျာဇီရာရုပ်သံသို့ ပေးသောစာ၌ ဆက်ဒမ်နှင့် ဘုရှ်တို့အကြား ခြားနားမှုမရှိကြောင်း ဖော်ပြပေးပို့ခဲ့သည်။ အမေရိကန်ပြည်သူများကလည်း ယခုကိစ္စထွက်ပေါ်လာမှုကြောင့် အရှက်ရနေကြပြီး ယင်းဆောင်ရွက်ချက်သည် အမေရိကန်တို့၏မူဝါဒအရ သို့မဟုတ် မူဝါဒကိုချိုးဖောက်မှုဖြစ်သည်ဆိုသည်ကို လွှတ်တော်အမတ်များက သိလိုနေကြသည်။ အမေရိကန်စစ်ဘက်က ၎င်းတို့၏ မူဝါဒအရ ဆောင်ရွက်ခြင်းမဟုတ်ကြောင်း ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားသော်လည်း သတင်းထောက်များက မယုံကြည်ဘဲ ရှိသည်။

စည်းရုံးရန်မလွယ်

သမ္မတဘုရှ်အနေဖြင့် အဆိုပါမေးခွန်းများကို ဖြေရှင်းရန် တာဝန်ရှိနေသည့်နည်းတူ အခြားသမ္မတလောင်း ဂျွန်ကယ်ရီအတွက်လည်း ယခုလဖြစ်ရပ်ကြောင့် ပြဿနာပေါ်နိုင်ကြောင်း ကယ်ရီက အီရတ်အရေးကိစ္စ၌ အခြားနိုင်ငံများက ပါဝင်ဆောင်ရွက်စေလိုပြီး ယခုကိစ္စကြောင့် နိုင်ငံများကို စည်းရုံးရန်မလွယ်ကူတော့ကြောင်း သိရသည်။ ယင်းဖြစ်ရပ်သည် အမေရိကန်နိုင်ငံတွင်း စစ်ဆန့်ကျင်ရေးသမားများအား ပိုမိုဒေါသထွက်စေခဲ့သည်ဟု ဆိုသည်။ **(စီအင်န်အင်န်)**

အီရတ်၌ အလုပ်လုပ်နေသော အိန္ဒိယလူမျိုးများအခြေအနေ ထုတ်ဖော်အသိပေးရန် ကန်သံရုံးကို အိန္ဒိယတောင်းဆို

နယူးဒေလီ မေ ၅

အီရတ်တွင် မဖြစ်မနေ အလုပ်လုပ်ကိုင်နေကြရသော အိန္ဒိယလူမျိုးအချို့၏ အခြေအနေနှင့်ပတ်သက်၍ စိုးရိမ်စရာကောင်းသော သတင်းများကြောင့် စိုးရိမ်ပူပန်ကြောင်း အင်္ဂါနေ့၌ အိန္ဒိယနိုင်ငံက ပြောကြားလိုက်သည်။

အဆိုပါ အိန္ဒိယအလုပ်သမားများ၏ဆန္ဒနှင့် ဆန့်ကျင်လျက် အီရတ်နိုင်ငံတွင် မဖြစ်မနေအလုပ်လုပ်နေရသူ အိန္ဒိယအလုပ်သမားများ၏ အသေးစိတ်အချက်အလက်များနှင့်စပ်လျဉ်း၍ အသိပေးရန် နယူးဒေလီရှိ အမေရိကန်သံရုံးကို အိန္ဒိယနိုင်ငံက တောင်းဆိုထားသည်။ ထိုကဲ့သို့ အလုပ်လုပ်နေကြရသော အိန္ဒိယလူမျိုး အလုပ်သမားများအရေအတွက်ကို သတင်းဖော်ပြရန် အမေရိကန်သံရုံးအား တောင်းဆိုထားကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောခွင့်ရှိသူက မေးခွန်းများကို တုံ့ပြန်ဖြေကြားသည်။

ဘဂ္ဂဒက်၊ အမ္မန်နှင့် ကူဝိတ်ရှိ အိန္ဒိယသံရုံးများက အဆက်အသွယ်များပြုခဲ့ပြီးနောက် ယခုကဲ့သို့ အမေရိကန်သံရုံးအား တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေသည် တစ်စတစ်စဆိုးရွားလာခဲ့ရာ ဧပြီ ၁၅ ရက်မှစပြီး အီရတ်သို့ အိန္ဒိယလူမျိုးများစေလွှတ်ခြင်းကို အိန္ဒိယအစိုးရက ပိတ်ပင်ခဲ့သည်။ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှသာ ယင်းပိတ်ပင်ချက်ကို ရုပ်သိမ်းမည်ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီး ယက်ရှ်ဝမ်ဆင်ဟာက အတိအကျ ပြောကြားခဲ့သည်။ **(ပီတီအိုင်)**

မေ ၄ ရက်က နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းရာတွင် မသင်္ကာဖွယ် အီရတ်အရပ်သားအချို့အား ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ပြသ

မေ ၆ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ အပြန်အလှန် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်ကို အီရတ်အမျိုးသား တစ်ဦးက ပြသနေစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဧပြီ ၃၀ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဗုံးကြဲ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသည့် အီရတ်နေအိမ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၄ ရက်က ဘဂ္ဂဒက်မြို့အနီး အဘူဂါရိပ်အကျဉ်းစခန်းအဝင်ဝ၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံနေရသည့် အီရတ် အကျဉ်းသားတစ်ဦး၏ သတင်းကို စုံစမ်းမေးမြန်းရန် စောင့်မျှော်နေသော အီရတ်အမျိုးသမီးကြီးတစ်ဦး ဒေါသတကြီးဖြစ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၃ ရက်က နာဂျက်ဖ်မြို့ကို အမေရိကန်တပ်အဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ရာတွင် ဖမ်းဆီးခြင်းခံနေရသည့် အီရတ်အချို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၄ရက်က ဘဂ္ဂဒက်မြို့အနီး အဘူဂါရိပ်အကျဉ်းစခန်းအပြင်ဘက် ၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်း ပန်းနှိပ်စက်မှုများကို ကြားသိရ၍ စုံစမ်းမေးမြန်းရန် စောင့်ဆိုင်းနေသည့် အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

သောက်သုံးရေပေးဝေနိုင်ရန် မင်းပြားမြို့နယ် ကမ်းနီကျေးရွာအနီးတွင် ကြက်တက်ချောင်း ရေလှောင်တမံ၏ စီမံကိန်း တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

မန္တလေးမြို့ ဈေးချိုတော်၏ နှစ်တစ်ရာပြည့်ပွဲတော်ကို ဤသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။

မကွေးတိုင်း အောင်လံမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် စိုက်ပျိုးမြေဧက ၁၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ပဒဲရေလှောင်တမံ စီမံကိန်း၏ ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အောက်ခြေကွန်ကရစ် လွန်တူးပိုင် အပေါ်ထည်သံပေါင်အမျိုးအစား၊ တံတားအရှည် ပေ ၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၁၂ ပေရှိသည့် ဆဒ္ဒန်ရတနာတံတားကြီးကို တွေ့ရစဉ်။

ပြည်သူ့စစ်မဟာဗျူဟာအတွက် အသားတကျဖြစ်နေရန် ပြည်သူနှင့် တစ်သွေးတ
ပြည်သူတစ်ရပ်လုံးတပ်မတော်ကိုမလှိုင်ပြုပြီး နိုင်ငံတော်ကိုဝိုင်းဝန်းတည်ဆော

စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည် မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထမ်းဆောင်နိုင်

★ နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲဘော်များသည် အသက်ကိုပင် ရဲရဲဝံ့ဝံ့ စွန့်လွှတ်နိုင်သူများဖြစ်။

★ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည် မြင့်မားလာသည်နှင့်အမျှ ကြီးမားသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထမ်းဆောင်နိုင်မည်ဖြစ်။

★ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ အကြားအလပ်မကျန်ရအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိတယ်။

★ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို ချီတက်နေတဲ့ တို့နိုင်ငံတော်မှာ ပြည်တွင်းပြည်ပ အဖျက်ရန်စွယ်မှန်သမျှကို တွန်းလှန်ချေမှုန်းရေးအတွက် ပြည့်အင်အားဟာ ပြည်တွင်းမှာပဲ ရှိတယ်။

အစည်းကို ခေါင်းဆောင်ရတဲ့ ရဲဘော်တို့ဟာ စည်းကမ်းကို ပိုပြီးအလေးထားဖို့လိုတယ်။ တပ်မတော်သားဘဝမှာ နယ်ဘက်ဥပဒေတွေကိုသာမက စစ်ဘက်ဥပဒေတွေနဲ့ စစ်စည်းကမ်းတွေကိုပါ တိတိကျကျလိုက်နာကြရတယ်။ ဒါကို တပ်မတော်သားတို့ရဲ့ ဂုဏ်သိက္ခာအဖြစ် သဘောပေါက်ခံယူကြရမယ်။

သစ္စာစောင့်သိမှု

ထို့အတူပဲ တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ် ၆၀ ဟာလဲ ကိုယ်ကျင့်သိက္ခာကို မြင့်မားစေတဲ့ အချက်တွေဖြစ်တယ်။ ဒီကျင့်ဝတ်တွေကြောင့်ပဲ တပ်မတော်ဟာ တကယ့် ယောကျ်ားမြတ်ဖြစ်စေတဲ့ တရားတွေကို သင်ကြားပေးတဲ့ကျောင်းကြီးလို့ ခိုင်းနှိုင်းတင်စားသတ်မှတ်ခြင်းခံရတာဖြစ်တယ်။ စစ်သည်တော် ကျင့်ဝတ်တွေကို ခါးဝတ်ပုဆိုးပမာ မြဲမြဲစွာ လိုက်နာစောင့်ထိန်းကြမယ်ဆိုရင် တပ်တွင်းတပ်ပြင် ပတ်ဝန်းကျင်အားလုံးမှာ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားတွေနဲ့ လွှမ်းခြုံနေတာကို ခံစားကြရမှာဖြစ်တယ်။

ထို့အတူပဲ တစ်ဦးချင်းရဲ့ စည်းကမ်းဖောက်ဖျက်မှုဟာလဲ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုး ဖြစ်တတ်တာမို့ ပုပ်တဲ့ငါးခုံးမကို စွန့်ပစ်ရတတ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်ရဲ့ ကျေးဇူးကို သိမြင်ပြီး စည်းကမ်းအရာမှာ စံနမူနာပြနေထိုင်ကြဖို့နဲ့ တပ်တွင်း စည်းကမ်းထိန်းသိမ်းရေးကို အထူးဂရုပြုဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ဒီလိုဂုဏ်အင်္ဂါတွေကြောင့်လဲ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်အဖြစ် ပြည်သူတွေရဲ့ ချစ်ခင်အားထားမှုကို ရရှိခဲ့တာပဲဖြစ်တယ်။ ပြည်သူရဲ့ ရင်နှစ်သည်းချာဖြစ်တဲ့ မျိုးချစ်တပ်မတော်သားတွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ်မှာ သစ္စာကြီးမားခဲ့တယ်။ ဒါကြောင့်လဲ အမျိုးသားရေးကို အစဉ်ရှေးရှုတဲ့ တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့တာ ဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာတွေကို ဆက်လက်သယ်ပိုးကြရမယ့် ခေါင်းဆောင်ငယ်တွေဖြစ်တယ်။

ရဲဘော်တို့-

ရဲဘော်တို့ဟာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာ ဖြစ်တဲ့အတွက် ခေါင်းဆောင်မှုအရည်အသွေး ရှိကြဖို့လိုတယ်။ ခေါင်းဆောင်မှုအခြေခံ သဘောတရားဆိုတာ ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်နဲ့ အပြုအမူတွေကို စုစည်းရှေ့ဆောင်ပြီး ရည်မှန်းချက်တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်ခြင်းပဲဖြစ်တယ်။ ရဲဘော်တို့ဟာ အခြေခံအားဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နဲ့ ညီညွတ်စွာကျင့်ကြံနေထိုင်ကြရမယ်။

စနစ်တကျဖော်ထုတ်

ထို့အတူ ခေါင်းဆောင်တစ်ယောက်ဟာ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ယုံကြည်လေးစားမှုကို ရရှိဖို့လိုတယ်။ အထူးသဖြင့် စစ်ဘက်တာဝန်မှာ မိမိကိုယ်တိုင်ရဲ့ အသက်အပါအဝင် ရဲဘော်ရဲဘက်တွေရဲ့ အသက်ပေါင်းများစွာဟာ ခေါင်းဆောင်ရဲ့ဆုံးဖြတ်ချက်အပေါ်မှာ တည်မှီနေတာကြောင့် ခေါင်းဆောင်ဟာ တပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်ကိုးစားအားထားမှုကိုရဖို့ ပိုပြီးလိုအပ်တယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်ဟာ စစ်မြေပြင်မှာပဲဖြစ်ဖြစ် တွေ့ကြုံရမယ့် အခြေအနေအရပ်ရပ်အပေါ် ကြိုတင်မျှော်တွေးပြီး အစီအစဉ်တကျ စဉ်းစားဆင်ခြင် ဝေဖန်သုံးသပ်ကာ သင့်လျော်မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ရပ် ရရှိဖို့အတွက် စနစ်တကျဖော်ထုတ်တတ်ရမယ်။ ဒါကို စစ်ရေးသုံးသပ်ခြင်းလို့ ခေါ်တယ်။

တို့တပ်မတော်မှာ အသေးအဖွဲ့လုပ်ငန်းကစပြီး အလွန်ကြီးမားခက်ခဲတဲ့ တာဝန်ကြီးတွေအထိ မည်သည့်တာဝန်ကိုမဆို စစ်ရေးသုံးသပ်ပြီးမှ ဆောင်ရွက်ကြစမြဲဖြစ်တယ်။ ဒီလိုဆောင်ရွက်ရာမှာ ရှေးဦးစွာ ယခင်အတွေ့အကြုံများကရတဲ့ သင်ခန်းစာတွေ မှားယွင်းချွတ်ချော်သွားခဲ့ရင် အတိမ်းအစောင်းမခံဘဲ ထိခိုက်နစ်နာဆုံးရှုံးသွားမယ့်အချက်တွေစတဲ့ ကန့်သတ်ချက်တွေကို ဦးစွာဆင်ခြင်စဉ်းစားရတယ်။ ပြီးမှ အဲဒီကန့်သတ်ချက်တွေကြားက မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော်ရမယ့်ရည်ရွယ်ချက်ကို ဖော်ထုတ်ရမယ်။ ထို့အတူပဲ ရည်ရွယ်ချက်အောင်မြင်စေဖို့ အထောက်အကူပြုမယ့်အကျိုးဝင်သော အချက်ကြီးများကို စုဆောင်းပြီး စနစ်တကျ ဝေဖန်ဆန်းစစ်ကာ တိကျပြတ်သားတဲ့ ဖော်ထုတ်ချက်တွေကို ထုတ်ယူရမယ်။ ဖော်ထုတ်ချက်တွေကို အပြန်ပြန်အလှန်လှန်သုံးသပ်တဲ့အခါ ရန်သူလုပ်ကိုင်နိုင်တဲ့နည်းလမ်းနဲ့ မိမိဆောင်ရွက်နိုင်တဲ့ နည်းလမ်းအသွယ်သွယ်ကို တွေ့ရှိလာမှာဖြစ်တယ်။ အဲဒီနည်းလမ်းတွေကို နှိုင်းယှဉ်တွက်ဆခြင်းဖြင့် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်နိုင်မှာဖြစ်ပြီး နောက်ဆုံးကျမှ ဆောင်ရွက်မယ့် စီမံချက်ကို ဆုံးဖြတ်ရတာဖြစ်တယ်။

ကျင့်သားရနေရန်လိုအပ်

ဒါကြောင့် တပ်မတော်သားဘဝမှာ ဘာပဲလုပ်လုပ် သတင်း၊ ရည်မှန်းချက်၊ လုပ်နည်း၊ အုပ်ချုပ်မှုနဲ့ ဆက်သွယ်ရေးဆိုတဲ့ အချက်တွေနဲ့ဆောင်ရွက်ရတယ်။ ရေတိုရေရှည်အကျိုးအပြစ်ကိုလဲ တွက်ဆရတယ်။ ဒါမှသာ မျှော်မှန်းထားနိုင်ခြင်းမရှိတဲ့ အခြေအနေရှုပ်ထွေးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရရင်တောင်မှ ထိခိုက်နစ်နာဆုံးရှုံးမှုအနည်းဆုံးနဲ့ ရည်မှန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်တယ်။ စစ်ရေးသုံးသပ်ခြင်းဆိုတာ စစ်ရေးမှာသာမကဘဲ အမျိုးသားနိုင်ငံရေး၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေးတို့အပြင် ဆုံးဖြတ်ချက်ချရမယ့် ကိစ္စကြီးငယ်အားလုံးမှာ သုံးနိုင်တာကြောင့် ရဲဘော်တို့အနေနဲ့ ကျင့်သားရနေကြဖို့လိုအပ်တယ်။

ထို့အတူပဲ တပ်မတော်အရာရှိများအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်နဲ့ အုပ်ချုပ်ရေးအမြင် စတဲ့ အမြင်လေးမြင်နဲ့ ပြည့်စုံဖို့လိုအပ်တဲ့အတွက် အစဉ်အမြဲ စစ်ရေးသုံးသပ်ကာ အမြော်အမြင်ရှိကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

အဖွဲ့အစည်းတစ်ရပ်ရဲ့ ခေါင်းဆောင်ဟာ စည်းကမ်းထိန်းသိမ်းမှုကို မျှတမှန်ကန်စွာ ဆောင်ရွက်နိုင်ရမယ်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့

ရဲဘော်တို့-

အဖွဲ့အစည်းမှန်သမျှဟာ စည်းနဲ့ကမ်းနဲ့ စည်းနှောင်ဘောင်ခတ်ထားမှသာ ကျစ်လျစ်ခိုင်မာပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မှာဖြစ်တယ်။ တို့တပ်မတော်ရဲ့ အဓိကတာဝန်သုံးရပ်ဟာ နိုင်ငံတော်ကို ကာကွယ်ရန်၊ လေ့ကျင့်ရန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရန်တို့ဖြစ်တယ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ပတ်သက်လို့ ပြောကြားရရင် နိုင်ငံတော်ရဲ့ ပိုင်နက်နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲဘော်တို့ဟာ အသက်ကိုပင် ရဲရဲဝံ့ဝံ့စွန့်လွှတ်နိုင်သူတွေဖြစ်ရမယ်။ ရဲစွမ်းသတ္တိရှိပြီး တိုက်လိုခိုက်လိုစိတ်ရှိရမယ်။ ထို့အတူပဲ တိုက်ရည် ခိုက်ရည်လဲ ကောင်းရမယ်။ ဒါမှသာ စစ်ခေါင်းဆောင်ငယ်ဘဝကို အောင်မြင်စွာဖြတ်သန်းနိုင်မှာဖြစ်တယ်။ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည် မြင့်မားလာတာနဲ့အမျှ ကြီးမားတဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထမ်းဆောင်နိုင်ကြမှာဖြစ်တယ်။ ဒါကြောင့် စစ်ဘက် ခေါင်းဆောင်ငယ်ဘဝမှာ စွမ်းရည်ပြနိုင်ရေးအတွက် ရည်မှန်းကြိုးစားကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

စစ်ဆင်ရေးရဲ့ရလဒ်ဟာ လေ့ကျင့်ရေးအပေါ်မှာတည်တယ်။ ဒါကြောင့် တိုက်ရည်ခိုက်ရည်ကောင်းဖို့အတွက် လေ့ကျင့်ရေးကို အလေးထားရမယ်။ မိမိကိုယ်မိမိလဲ လေ့ကျင့်ရမယ်။ မိမိရဲ့ တပ်ဖွဲ့ဝင်တွေကိုလဲ လေ့ကျင့်ပေးရ

်သွေးတည်း၊တစ်သားတည်း၊တစ်စိတ်တည်း၊တစ်ဝမ်းတည်း နေထိုင်သွားကြရန်လိုအပ်
်ဆောက်၊ဝိုင်းဝန်းကာကွယ်၊ ပြည်တွင်းပြည်ပအဖျက်ရန်စွယ်မှန်သမျှတွန်းလှန်ချေမှုန်း

မယ်။ တစ်ဦးချင်းလေ့ကျင့်ရေးကိုလည်း ဆောင်ရွက်ရမယ်။ အဖွဲ့လိုက် လေ့ကျင့်ရေးကိုလည်း ဆောင်ရွက်ရမယ်။ တိုက်ပွဲဝင်တယ်ဆိုတာ အဖွဲ့လိုက်၊ အစုလိုက်လုပ်ရတဲ့လုပ်ငန်း ဖြစ်တယ်။သို့သော် အဖွဲ့၊ အစုထဲမှာပါတဲ့ တစ်ဦးချင်းဟာ ကိုယ်စီတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ဖို့လိုတယ်။ တစ်ဦးချင်းမှသည် တပ်ဖွဲ့ကြီးအထိ တက်ညီလက်ညီရှိဖို့နဲ့ ဟန်ချက်ညီဖို့ လိုတယ်။ ဒါကြောင့် အကြိမ်ကြိမ်အထပ်ထပ်လေ့ကျင့်ပါမှ တန်ကာကျလိမ့်မယ်လို့ ခံယူထားကြရမယ်။

မပျက်မကွက်ဆောင်ရွက်

ထို့အတူ သိပ္ပံနှင့်နည်းပညာ ထွန်းကားလာတာနဲ့အမျှ စစ်ပွဲရဲ့ ပုံသဏ္ဌာန်တွေဟာ တစ်ခုထက်တစ်ခု ပိုမိုဆန်းသစ်လာလျက်ရှိတယ်။ ဒါတွေကို စဉ်ဆက်မပြတ်လေ့လာနေမှသာ ခေတ်ကို အမီလိုက်နိုင်မှာဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ငယ်များဖြစ်တဲ့ ရဲဘော်တို့ဟာ လေ့ကျင့်ရေးတာဝန်ကို မပျက်မကွက် ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ပြည်သူကြားကပေါက်ဖွားလာတဲ့ တို့တပ်မတော်သားတွေဟာ ပြည်သူ့အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားရမယ်။ ယနေ့တပ်မတော်က ပြည်သူနဲ့ လက်တွဲပြီး နိုင်ငံတော်ကို တည်ဆောက်နေတာဟာလဲ အခါအခွင့်ရတုန်း ၅၃ သန်းကျော်သော ပြည်သူတွေအတွက်သာမက နောင်လာမည့် သားစဉ်မြေးဆက်တွေအတွက်ပါ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ လက်တွဲပြီး နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ အထူးဒေသကြီး၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ကွန်ရက်ပမာချိတ်ဆက် ဆောင်ရွက်လျက်ရှိရာမှာ သမိုင်းမှတ်တိုင်ထူနိုင်သည်အထိ အလျင်အမြန်အကောင်အထည်ဖော်နိုင်ပြီဖြစ်တယ်။

ထို့အတူပဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အကြားအလပ်မကျန်ရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော် လူဦးရေရဲ့ အများစုနေထိုင်ရာ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးပါမှ နိုင်ငံသားအားလုံးရဲ့ လူမှုစီးပွားရေးဘဝဟာ အခြေခံခိုင်မာစွာ တိုးတက်လာမှာဖြစ်တယ်။ ဒါကြောင့် နေရာဒေသအနှံ့အပြားကို ရောက်ရှိကြမယ့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို့ သဘောထားပြီး ဒေသ စီးပွားတိုးတက်ရေးအပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အားကြိုးမာန်တက် ဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူကို လုပ်ကျွေးပြုစုကြရမယ်။ ထို့အတူပဲ ပြည်သူ့စစ်မဟာဗျူဟာအတွက် အသားတကျဖြစ်နေအောင် ပြည်သူနဲ့ တစ်သွေးတည်း၊တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း နေထိုင်သွားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ပြည်သူ့စစ်မဟာဗျူဟာဆိုတာ ပြည်သူတစ်ရပ်လုံးက တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်း ဖြစ်တယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို ချီတက်နေတဲ့ တို့နိုင်ငံတော်မှာ ပြည်တွင်းပြည်ပအဖျက်ရန်စွယ်မှန်သမျှကို တွန်းလှန်ချေမှုန်းရေးအတွက် ပြည့်အင်အားဟာ ပြည်တွင်းမှာပဲ ရှိတယ်။ တို့နိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်မှာရှိသမျှနိုင်ငံအားလုံးနဲ့ ခင်မင်ရင်းနှီးစွာ မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိသော်လည်း နိုင်ငံတော်ကြီး အစဉ်အမြဲ အေးချမ်းသာယာ တည်ငြိမ်နေဖို့အတွက်ကတော့ သတိတရားကို အမြဲလက်ကိုင်ထားရမှာ ဖြစ်တယ်။ ဒါ့ကြောင့် အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုတဲ့ မြဲသုံးမြဲကို မလွတ်တမ်းဆောင်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးအနေနဲ့ပြောရရင် တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်ဆိုတဲ့ သင်တန်းရဲ့ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ စစ်ဘက်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၂၈) ဗိုလ်လောင်းထွန်းထွန်းဦးအား ငွေဓားဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမျိုးသား စီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ်သိန်းထိုက်၊ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်မှူးချုပ်အေးမြင့်၊ ဒုတိယဝန်ကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး)ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ချီတက်အလေးပြု

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက် အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆုချီးမြှင့်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၇) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၂၈)ဗိုလ်လောင်းထွန်းထွန်းဦးအား ငွေဓားဆုကိုချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်း ဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာကန်တော်ကြီး ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်း တပ်မတော်သားများနှင့်ဒေသခံပြည်သူများစုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၆

မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ သမိုင်းဝင်မိတ္ထီလာကန်တော်ကြီး ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဆောင်ရွက်ခဲ့ရာ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မိတ္ထီလာတပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများသည် မိတ္ထီလာကန်တော်ကြီးရှိ သဲနုန်းများ ပြန်လည်တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

အဆိုပါကန်တော်ကြီး ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ လေကြောင်း အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေညီလာခံဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများ မေ ၁၀ ရက်တွင် သတင်းပို့ကြရန်နှိုးဆော်

ရန်ကုန် မေ ၆

၂၀၀၄ ခုနှစ် မေ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပမည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့တက်ရောက်ကြမည့် ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများသည် မေ ၁၀ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထား၍ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီရုံးသို့ သတင်းပို့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၇-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၇:၅၅ ၇။ အကပြိုင်ပွဲ
- ၈:၀၀ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၁၀ ၉။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၁၀။ ပိုင်ကျုံရေထိန်းတံခါး
- ၈:၃၀ ၁၁။ International News
- ၈:၄၅ ၁၂။ English for Everyday Use
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၁၈:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၁၅ ၁၁။ Discovery.
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၂၀)
- ၁၉:၃၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၆။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"မေနိုင်း" အပိုင်း(၂)** (ကျော်ဟိန်း၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၂)

ပြောစရာတွေ ဖြစ်ဖြစ်လာတော့ မပြောမဖြစ် ပြောပြောနေရတာဟာလဲ ဝဋ်တစ်မျိုးပါကလားဆိုပြီး ကိုယ့်ကိုယ်ကိုပဲ သနားရမလို၊ တရားကျရမလိုနဲ့ ပေါက်စ အရမ်းစိတ်တွေ ပိန်ပိန်နေတယ်ဗျာ။

အခုလဲ လုပ်ချလိုက်ပြန်ပြီဗျာ၊ VOAအသံလွှင့်ဌာနက ၂၀၀၄ခုနှစ် ဧပြီ ၂၄ရက်နေ့ ညနေ ၆နာရီမှာ ဘယ်လို ထုတ်လွှင့်လာပြန်သလဲဆိုရင် "ဦးခင်ဝင်းအား စစ်ကြောရေးကာလအတွင်း ထောက်လှမ်းရေးက နှိပ်စက်ခဲ့သည်ဟု မြန်မာနိုင်ငံရေး အကျဉ်းသားများ စောင့်ရှောက်ရေးအသင်းက ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း တင်ပြချက်"ဆိုပြီး လံကြုပ်ဒီပနီ အတင်းအဖျင်းကို သတင်းလုပ် ထုတ်လွှင့်ခဲ့သဗျ။

အဲ...ထိုနည်းလည်းကောင်းဆိုသလိုပဲ BBCအသံလွှင့်ဌာနက ဧပြီလ ၂၆ရက်နေ့ ည ၈နာရီမှာ ထုတ်လွှင့်လာပုံက "အကျဉ်းကျခံရဆဲ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်း၏ ကျန်းမာရေးအခြေအနေ တင်ပြချက်"ဆိုပြီး လုပ်ကြံချဲ့ကားတဲ့ သတင်းကို ထုတ်လွှင့်လာပြန်တယ်ဗျာ။

သို့ကလိုသော လုပ်ကြံဒီပနီ အတင်းအဖျင်း ချဲ့ကားသတင်းတွေကို ပေါက်စ အနှစ်ချုပ်ပြီး ကောက်နုတ်တင်ပြရရင် "ဘိုးတော်ခင်ဝင်း(ခေါ်)ခင်ဝင်းကို စစ်ကြောရေးကာလမှာ မြန်မာ့ထောက်လှမ်းရေးက နှိပ်စက်လို့ ခင်ဝင်းရဲ့ လက်နှစ်ဖက်ဟာ သွေးစီးရာရပ်သွားပြီး ဖြတ်ပစ်ရမယ့် အခြေဆိုက်နေတဲ့အကြောင်း" ပုံလောင်းထုဆစ်၊ကလိမ်ကကျစ်လုပ် ထုတ်လွှင့်လိုက်တယ်ဗျာ။ အဲဒီသတင်းမှာပဲ ဘယ်လိုတွေ အဆစ်ထည့်ပြီး ချဲ့ကားထားပြန်သလဲဆိုရင် "ခင်ဝင်းဟာ အီရတ် နိုင်ငံကို အမေရိကန်နိုင်ငံက ဝင်တိုက်တာကိုထောက်ခံတဲ့ စာရွက်စာတမ်းတွေ ရေးသားမှုနဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း အပြစ်ပေးခံရတဲ့ အပြင် စစ်ကြောရေး ကာလမှာလဲ ခင်ဝင်းရဲ့ လက်တွေကို လျှပ်စစ်နဲ့ အကြိမ်ကြိမ် ရှော့ရိုက်ခံရတဲ့အတွက် လက်က သွေးကြောတွေ ပျက်စီးသွားလို့ လက်နှစ်ဖက်လုံး ဖြတ်ပစ်ရမယ့် အနေအထားတောင် ရောက်သွားနိုင်သတဲ့"ဗျာ။

အခုလိုမျိုးတွေ မရိုးမသားနဲ့ ချဲ့ကားလုပ်ကြံတဲ့ အတင်းအဖျင်းတွေကို သတင်းလုပ်လုပ်ပြီး ထုတ်လွှင့်ပေးနေတဲ့ VOAဟာ တစ်နေ့တခြား သတင်းလိမ်ဖြန့်ချိထုတ်လွှင့်ရာ ဌာနကြီးအဖြစ်ကို ရောက်နေပါကလားလို့ ပေါက်စ သနားမိသဗျ။

ဘယ့်နှယ်ဗျာ၊ မဆိုင်တဲ့အလုပ်မှာ ကလိုင်နဲ့လှူပ်သလို ရတ်ရတ်ထထ လုပ်တာမျိုးကတော့ နိုင်ငံကြီးသားအကျင့်အကြံနဲ့ ယဉ်ကျေးမှု မဟုတ်ဘူးဗျာ။ ပေါက်စတို့ မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံက မျက်မာန်တော်ရှအောင် အမေရိကန်ကိုထောက်ခံတဲ့ စာရွက်စာတမ်းရေးတဲ့အပြစ်နဲ့ ထောင်ချတယ်ဆိုပြီး ချွန်တွန်းလုပ်လိုက်တာဟာ ဘာသဘောလဲဗျာ။ ဘိုးတော်ခင်ဝင်း ဘာကြောင့် ပြစ်ဒဏ်ကျခံရတယ်ဆိုတာ VOA မှာ သတင်းမှတ်တမ်း မရှိဘူးလား။ ကမ္ဘာကျော် သတင်းဌာနကြီးတစ်ခုလုပ်နေပြီး ဒီလောက်တောင် ညံ့ဖျင်းရသလားဗျာ။ ဘိုးတော်ခင်ဝင်းတို့ ပြစ်ဒဏ်ကျခံရတုန်းကလဲ VOA ကပဲ အသံကုန်အော်ခဲ့တာပဲ မဟုတ်လား။

ရှင်းရှင်းလေးခင်ဗျာ၊ ခင်ဝင်းကိုအပြစ်ပေး အရေးယူတဲ့ပြစ်မှုက ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိနေတဲ့NLD ပြည်ပြေး၊ ဝရမ်းပြေးတွေ၊ ABSDF ဆိုတဲ့ အကြမ်းဖက်ဂိုဏ်းသားတွေနဲ့ မြန်မာပြည်ပြေး၊ဝရမ်းပြေးညွှန့်ပေါင်းဂိုဏ်းဖြစ်တဲ့ NCGUBအုပ်စုတွေကို ခင်ဝင်းက အဆက်အသွယ်ယူပြီး နိုင်ငံတော်ဆန့်ကျင်ရေး လှုပ်ရှားမှုလုပ်ဖို့ ငွေကြေးအထောက်အပံ့ ယူတယ်ဗျာ။ တရားမဝင်လျှို့ဝှက်ဆန့်ကျင့်ရေးဂိုဏ်း ထောင်တယ်ဗျာ။ ဆန့်ကျင်ဆူပူရေး လှုံ့ဆော်စာစောင်တွေ ဖြန့်ဝေရေး စီစဉ်တယ်ဗျာ။ အဲဒီပြစ်မှုတွေကျူးလွန်ခဲ့လို့ အရေးယူအပြစ်ပေးခဲ့တာ ဖြစ်ပါတယ်ခင်ဗျာ။

အဲသလိုပါပဲ၊ ခင်ဝင်းရဲ့ လက်မှာဖြစ်တဲ့ရောဂါဟာလဲ ထောက်လှမ်းရေးက လျှပ်စစ်နဲ့ရှော့ရိုက်ပြီး စစ်ဆေးလို့ရတာ မဟုတ်ဘူးခင်ဗျ။ ထောက်လှမ်းရေးကလဲ အဲသလိုအလုပ်မျိုးကို ဘယ်တုန်းကမှ လုပ်ရိုးအစဉ်အလာ မရှိခဲ့ဘူးဗျာ။ ခက်တော့ အခက်သားလားဗျာ၊ ဘာလို့များ ပိန္နဲပင်ထည့်ထည့်ပြီး ငိုနေကြတာလဲဆိုတာ ပေါက်စ ခေါင်းစားသဗျာ။

အခုလို ခင်ဝင်းရလာတဲ့ ရောဂါအခြေအမြစ်ကို ကာယကံရှင်ကိုယ်တိုင် ပြောတဲ့စကားကတော့ သူ့မှာဖြစ်လာတဲ့ လက်ကြောထုံးရောဂါဟာ သူအိပ်တဲ့အခါမှာ အမြဲတမ်း လက်ဖဝါးဝဲ/ယာနှစ်ဖက်ကို ပတ္တာလိုချိတ်ဆက်ပြီးမှ ခေါင်းအုံးလုပ်အိပ်တဲ့ အလေ့အထရှိခဲ့လို့ သူ့လက်ဟာ မကြာခဏ ထုံကျဉ်တတ်တဲ့အပြင် တစ်ခါတစ်ခါ မီးစနဲ့ထိုးတဲ့အတိုင်း ခံစားရတယ်တဲ့ဗျာ။ အဲ... ဒီနှစ် ဖေဖော်ဝါရီလထဲမှာ လက်ဖဝါးတွေ ကွေးဆန့်ဖို့ ခက်ခဲလာတဲ့အကြောင်း ခင်ဝင်းက သက်ဆိုင်ရာကို အကြောင်းကြားလာတဲ့အတွက် သက်ဆိုင်ရာကလဲ ခင်ဝင်းရဲ့ရောဂါကို အင်းစိန်ဆေးရုံကြီးမှာ ခွဲစိတ်အထူးကုဆရာဝန်ကြီးနဲ့ အရိုးအကြောအထူးကု ဆရာဝန်ကြီးတို့က စမ်းသပ်စစ်ဆေးပေးတဲ့အထိ စီစဉ်ဆောင်ရွက်ပေးခဲ့တယ်ဗျာ။

အဲဒီ ဆရာဝန်ကြီးတွေရဲ့ စမ်းသပ်စစ်ဆေး အကြံပြုချက်အရ ခင်ဝင်းရဲ့ ရောဂါကို လက်ပိုင်းဆိုင်ရာ အရိုးရောဂါခွဲစိတ်အထူးကု ဆရာဝန်ကြီးနဲ့ပြပြီး ကုသပေးရာမှာ ဆရာဝန်ကြီးက ခွဲစိတ်ကုသဖို့မလိုဘဲ အကြောဆေးသောက်ရင် သက်သာမယ်လို့ အဆုံးအဖြတ်ပေးခဲ့လို့ ခင်ဝင်းဟာ အကြောအားဆေး (Vitamin-B Denk) စားပြီး ကုသမှုခံယူနေပါတယ်ဗျာ။

တစ်ဆက်တည်း ပြောစရာရှိတာကတော့ ဦးနိုင်းနိုင်းရဲ့ ကျန်းမာရေးအခြေအနေဆိုတာကိုလဲ BBC အသံလွှင့်ဌာနက စပ်စပ်စုစု ချဲ့ကားပြီးဗျူးတဲ့ ရည်ရွယ်ချက်ဟာ ဦးနိုင်းနိုင်းရဲ့ကျန်းမာရေးကို စိုးရိမ်ပူပန်လို့ မဟုတ်တာကတော့ သိပ်သေချာသဗျ။ ဦးနိုင်းနိုင်းရောဂါသည်းလေ BBC ဗိုက်ထဲမှာ ကုလားပွဲ

ပေါက်စ

လှည့်သလို တဒိန်းဒိန်းနဲ့ မြူးလေပေါ့ဗျာ။ ဘာလို့လဲဆိုတော့ BBCအနေနဲ့ မြန်မာအစိုးရရဲ့ အကျဉ်းသား ဘယ်သူဘယ်ဝါဆိုရင် ဘယ်လိုကြီးမားတဲ့ ရောဂါကြီးကို ခံစားနေရတယ်။ တို့အသက်အရွယ်က ဘယ်လောက်တောင် ကြီးနေပြီတို့၊ အဲသလို မြန်မာအစိုးရရဲ့ သိက္ခာကို ကြံဖန်ချဖို့အတွက် အောက်တန်းအကျဆုံး ရည်ရွယ်ချက်ပဲ ဖြစ်သဗျ။

ရှိသေးသဗျ၊ တစ်ခါတစ်ခါ သက်ဆိုင်ရာက ပြန်လွှတ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တောင် သူ့အိမ်မှာ မိသားစုနဲ့စကားစမြည်လေးမျှ မပြောရသေးဘူး၊ BBC တို့၊ VOA တို့က ဗျူးပြနေလိုက်တာများ ပေါက်စ ကြားကနေ ကာယကံရှင် မိသားစုကို သနားမိတယ်ဗျာ။ ဘယ့်နှယ်ဗျာ၊ ဗျူးလိုက်တဲ့ ဗျူးစကားတွေကလဲ "အန်ကယ်ရဲ့ ကျန်းမာရေးအခြေအနေလေး သိပါရစေ၊ အန်ကယ် အစားအသောက် စားနိုင်သောက်နိုင်ရဲ့လား၊ အခု ပိန်သွားသလား၊ ဝမ်းတို့ ဆီးတို့ကော မှန်ရဲ့လား၊ ခေါင်းလေး ဘာလေးတောင် မကိုက်ဘူးလား၊ သွေးတိုးတို့ နှလုံးရောဂါတို့ ရှိသေးလား၊ ဟယ်... ပျောက်သွားပြီးလား၊ လုံးလုံး မဖြစ်တော့ဘူးလား" ဆိုပြီး အကျဉ်းစခန်းက ပြန်လာတဲ့ ပုဂ္ဂိုလ်ကို အားမနာလျှာမကျိုး နက်ဖြန်သဘက် ဆေးရုံတင်ရမယ့် လူနာမေးသလိုမျိုး မေးကြတဲ့အပြင် ကာယကံရှင်က "ကျန်းမာရေး ကောင်းပါတယ်"လို့ ဖြေလိုက်တာကိုပဲ မကျေနပ်သလိုအသံနဲ့ "အန်ကယ်က ခေါင်းလေးတောင် မကိုက်တော့ဘူးလား၊ ဇက်လေးတောင် မထိုးတော့ဘူးလား" ဆိုပြီး ဈေးဆစ်သလို ဗျူးကြသေးသဗျ။

အခုလဲ အကျဉ်းစခန်းမရောက်ခင် အိမ်မှာနေကတည်းက ဖြစ်လာတဲ့ ဦးနိုင်းနိုင်းရဲ့ အစာအိမ်ရောဂါကိုပဲ ပြာလဲ့ဇာချဲ့ပြီး စာဖွဲ့သလို ဗျူးပြနေတာဟာ ဦးနိုင်းနိုင်းရဲ့ ရောဂါဝေဒနာအတွက် စိုးရိမ်လို့ ဗျူးတာမဟုတ်ဘူးခင်ဗျာ။ မြန်မာအစိုးရက လူနာအကျဉ်းသားတွေကို ဘယ်လိုနှိပ်စက်တယ်၊ ညှဉ်းပန်းတယ်၊ ဆေးကုသခွင့်မပေးဘူးဆိုတဲ့ အကြောင်း BBC က မောင်းခတ်သိက္ခာချဖို့အရေး ဗျူးအမေးတွေနဲ့ စီရင်ဖန်တီးတာပါ ခင်ဗျာ။

သို့သော်လဲBBC ရဲ့ ဗျူးလုပ်ကြံမှုဟာ အထမမြောက် မအောင်မြင်ပါဘူး ခင်ဗျာ။ အဗျူးခံသူ ဦးနိုင်းနိုင်းရဲ့ဇနီးက ဖြေကြားတဲ့အထဲမှာ နိုင်ငံတော်အစိုးရက လုပ်ပေး၊ ကိုင်ပေးတဲ့ ဆေးဝါးကုသမှုအစီအစဉ်တွေ၊ ကုသပေးနေတာတွေကို BBC အနေနဲ့ ဖုံးဖိလို့မရအောင် ပေါ်လွင်နေတယ်ဗျာ။

အဲ...တစ်ခုတော့ရှိသပေါ့ဗျာ၊ အချို့အချို့သော ဒီမိုကရေစီသမားအမည်ခံ ဆရာသမား ကြီးငယ်ရွယ်လတ်များကလဲ အပြင်မှာ ကိုယ့်အိမ်မှာနေရတုန်း ဒီလိုရောဂါတွေဖြစ်ရင် ကျန်းမာရေး စောင့်ရှောက်မှု ဘယ်လိုရခဲ့သလဲတော့ မသိဘူး၊ ထောင်ထဲလဲရောက်ရော ပုရွက်ဆိတ်ကိုက်တာကိုတောင် အထူးကု သမားတော်နဲ့ ပြချင်တဲ့အပေါက်မျိုးတွေ ချိုးနေကြသဗျ။ ပေါက်စတို့တစ်တွေ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေတော့ ရောဂါရှိတာတောင် ဆရာဝန်ဆီ ပုံမှန်မပြနိုင်ပါဘူးဗျာ။ Medical Check Up ဆိုတာ တစ်နှစ်တစ်ခါ မဆိုထားနဲ့၊ လုပ်ကို မလုပ်နိုင်ပါဘူးဗျာ။ အဲ...ထောင်ထဲက ပုဂ္ဂိုလ်ကြီးများကတော့ အပတ်စဉ်၊ လစဉ် ပုံမှန်ဆေးစစ်ပေးနေတဲ့ကြားကတောင် ဇက်ထိုးလို့၊ ခြေနာလို့၊ လက်နာလို့နဲ့ ဘာမှအလုပ်မရှိတော့ တစ်နေ့တစ်နေ့ ဘယ်နားကရောဂါ ဘယ်လိုရှာပြီး ပြရမလဲဆိုတာကိုပဲ ထိုင်စဉ်းစားပြီး ရောဂါကို မိုက်ကရိစကုတ်နဲ့ရှာ၊ ထောင်ဆရာဝန်သာမက ပြင်ပသမားတော်တွေနဲ့ ပြခွင့်ရနေကြတာပါခင်ဗျာ။ ဒီအခြေအနေတွေကိုလဲ မြန်မာနိုင်ငံမှာရှိတဲ့ ICRCတွေလဲ သိနေတာပဲ မဟုတ်လား။

စဉ်းစားကြည့်ဗျာ၊ နိုင်ငံတော်အစိုးရက ပြစ်မှုအလိုက် အရေးယူပြီး အကျဉ်းချ အပြစ်ပေးခဲ့ပေမယ့် အဲဒီအကျဉ်းသားတွေရဲ့ စားရေး၊ သောက်ရေး၊ နေထိုင်ရေးကအစ ကျန်းမာရေးအထိ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးတယ်ဗျာ။ နိုင်ငံတော်အစိုးရအနေနဲ့ တရားဥပဒေအရ၊ ပြစ်မှုဥပဒေအရ လိုအပ်သလို အရေးယူအပြစ်ပေးခဲ့ရပေမယ့် ပြစ်မှုပြစ်ဒဏ်ကျခံရသူတွေကို ရန်သူလို သဘောမထားဘဲ လူသားချင်းစာနာတဲ့ လူ့အခွင့်အရေးကို အတတ်နိုင်ဆုံး ဖြည့်ဆည်းစောင့်ရှောက်ပေးခဲ့တယ်ဗျာ။

သို့သော်လဲပေါ့လေ၊ အချို့သော အသက်ကြီးမှ နိုင်ငံရေးသူငယ်ပြန်ရောဂါထနေတဲ့ ပုဂ္ဂိုလ်ကြီးများကတော့ သူတို့ကိုယ်သူတို့ အကျဉ်းသားဝေယျာဝစ္စ အကျိုးဆောင်လိုလို ၊ အကျဉ်းသား လေ့လာစုံစမ်းရေး အိတ်စ်ပတ်ကြီးလိုလို၊ ဝတ္ထုတွေထဲက စုံထောက်လိုလို၊ နေရာတကာ အကုန်လုံးသိတဲ့ ဘိန်းစားဘွန်ဟောင်းလိုလို အချိုးမျိုးနဲ့ ဂျင်းဘောင်းဘီတကားကား၊ စပို့ရှပ်တလွှားလွှားဝတ်ပြီး အကျဉ်းသားတွေရဲ့ ဇနီးမယား၊ သားသမီးတွေနားမှာ လမ်းသလားရင်းနဲ့ အတင်းအဖျင်းတွေကို သတင်းလုပ်ပြီး ပို့ပေးတာကို BBC,VOA က အဟုတ်မှတ်နေတော့ ခက်သားလား။ နောက်တစ်မျိုးကတော့ အကျဉ်းသားတွေကို အကူအညီပေးနေတဲ့ အဖွဲ့တွေဆီသွားပြီး အကျဉ်းသားကို လက်ညှိုးထိုးရောင်းစားသလိုမျိုး ခွက်ထိုးခံ တောင်းရမ်းလို့ရတဲ့ ငွေစ၊ ကြေးစလေးတောင် စိတ်မချရတဲ့ အလုပ်မရှိ၊ အကိုင်မရှိ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် ဒီမိုကရေစီယောင်ခြောက်ဆယ် ပုဂ္ဂိုလ်လေးများက ပို့လိုက်တဲ့ အတင်းအဖျင်း သတင်းလိမ်တွေဟာ VOAတို့၊ BBCတို့အတွက် သတင်းထူးကြီးအဖြစ် လက်ခံယုံကြည်စွာ ထုတ်လွှင့်နေတာကတော့ ပေါက်စ ရယ်ရတယ်ဗျာ။

အဲ...ရှိသေးသဗျ၊ ပြည်တွင်းက နိုင်ငံရေးသူငယ်ပြန်နေတဲ့ ဘိန်းစားဘွန်ဟောင်းလို ပုဂ္ဂိုလ်များနဲ့ ဒီမိုကရေစီယောင်ခြောက်ဆယ် ပုဂ္ဂိုလ်အကောင်းစားလေးများသာမက သူတို့နဲ့ဆက်သွယ်လုပ်စားနေတဲ့ မြန်မာနိုင်ငံ အကျဉ်းသားစောင့်ရှောက်ရေးအမည်ခံ ပြည်ပမှာရှိနေကြတဲ့ ပြည်ပြေး၊ဝရမ်းပြေးတွေကလဲ ဒီမိုကရေစီ မဟာစီမံကိန်းကြီးပြုပြီး ဆရာကြီး၊ သမားကြီး၊ ဂုရုကြီးများဆီက လိမ်စားလို့ရသမျှ လိမ်စားနေကြတာကတော့ ဖိုးတွမ်တီး အကြီးစားများဖြစ်တယ်ဆိုတာ VOAတို့၊ BBCတို့က မသိဘူးဆိုပြီး မထူးဇာတ်သဘောနဲ့ အလိမ်ခံ ဇာတ်မျောကြီးကို ဆက်ခင်းကြဦးမယ်ဆိုရင်လဲ ပေါက်စ သနားတယ်ဗျာ။

ကဲ... ပေါက်စ စကားဖြတ်ပြီး အနားသတ်ရရင် ဘိုးတော်ခင်ဝင်း(ခေါ်) ခင်ဝင်းနဲ့၊ ဦးနိုင်းနိုင်းတို့ရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ်ဖို့၊ သိက္ခာချဖို့အတွက် မြန်မာပြည်ပြေး၊ ဝရမ်းပြေးများနဲ့ ပြည်တွင်းက နိုင်ငံရေးသူငယ်ပြန်ရောဂါသည် ဘိန်းစားဘွန်ဟောင်းလို လူပုဂ္ဂိုလ်အကောင်းစားကြီးနဲ့ ဒီမိုကရေစီ ယောင်ခြောက်ဆယ် မဖြစ်ညစ်ကျယ်ပုဂ္ဂိုလ်ငယ်အကောင်းစားလေးများရဲ့ အတင်းအဖျင်း သတင်းလိမ်တွေဟာ အမှန်တကယ်ဖြစ်နေတဲ့ ဘိုးတော်ခင်ဝင်းနဲ့ ဦးနိုင်းနိုင်းတို့ရဲ့ ကျန်းမာရေးအခြေအနေတွေ၊ နိုင်ငံတော်အစိုးရက စောင့်ရှောက် ကုသပေးနေတာတွေနဲ့ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်ပမာ ကွာခြားဆန့်ကျင် အမှန်မြင်နိုင်ကြတဲ့ မြန်မာပြည်သူတွေကတော့ VOA တို့၊ BBC တို့ရဲ့ အလိမ်ခံဘဝကို သနားခြင်းကြီးစွာနဲ့ **'လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ'** ဆိုပြီး ကိုယ်စားပြုစကား ပြောကြားကြမှာ အသေအချာပါပဲ ခင်ဗျာ။ ။

လှိုင်သာယာမြို့နယ် အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်းတွင် မူလတန်းနှင့် အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဌေးက ထူးချွန်ကျောင်းသား မောင်ဗိုလ်ဗိုလ်ငြိမ်းအား အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေဆုံပွဲ

မေလ (၅)၊ (၁၁) ရက်

အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

World Red Cross Day-2004

ကမ္ဘာ့ကြက်ခြေနီနေ့

ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်

STOP DISCRIMINATION

၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထုတ်လုပ်သည့်လုပ်ငန်းသည်ကိုယ်ကျင့်တရားကောင်းသည်နှင့်အမျှအကျိုးဖြစ်ထွန်းသည့်လုပ်ငန်းဖြစ် နိုင်ငံတော်အကျိုးဖြစ်ထွန်းစေရေး အတ္တ၊ပရမျှတစွာဖြင့်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီဆောင်ရွက်လုပ်ကိုင် ရတနာလုပ်ငန်းအပြင်စိုက်ပျိုးရေးကဲ့သို့အခြားစီးပွားရေးလုပ်ငန်းများကိုပါတိုးချဲ့လုပ်ကိုင်ထုတ်လုပ်

ရန်ကုန် မေ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မေ ၄ ရက် ညနေပိုင်းတွင် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၅ ရက်က မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ကျင်းပသော ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်က မိုးကုတ်ရတနာမြေ၏ နောက်ခံသမိုင်း၊ မိုးကုတ်ရတနာမြေမှ ထွက်ရှိသောထင်ရှားသည့် ကျောက်မျက်ရတနာများ၊ မြို့နယ်၏တည်နေရာ၊ အကျယ်အဝန်းနှင့်လူဦးရေ၊ ရာသီဥတုနှင့်မိုးရေချိန်၊ မြေယာအသုံးချမှု၊ စိုက်ပျိုးရေရရှိမှု၊ စပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ လက်ဖက်နှင့်ကော်ဖီစိုက်ပျိုးမှု၊ ကျောက်မျက်လုပ်ငန်းမှ အခွန်ရရှိမှု၊ လမ်းတံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့်လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိုးကုတ်-ဖော့တောလမ်းတိုးချဲ့ခြင်းလုပ်ငန်း၊ မိုးကုတ်မြို့ပြည်သူ့ဆေးရုံ ခုတင် (၁၀၀)ဆံ့ဆေးရုံအဆင့်တိုးမြှင့်ရေး၊ ဒေသဝမ်းစာဖူလုံအောင်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒေသဝမ်းစာဖူလုံရေး၊ ကော်ဖီ၊ လက်ဖက်မြို့နယ်ဖြစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ ဒေသတာဝန်ခံ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာပြီး မြို့နယ် အတွင်းရှိ ကျေးလက်ဒေသများ အပါအဝင် မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ မိုးကုတ်ရတနာမြေလုပ်ငန်းများ စနစ်တကျဖြင့် ကုန်သွယ်မှုလမ်းကြောင်းမှန်ဖြစ်ထွန်းရေးတို့အတွက် ဆောင်ရွက်ပေးရန်ရှိသည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

နှစ်ပေါင်းရာချီ

မိုးကုတ်ရတနာမြေသည် မြန်မာဘုရင်များလက်ထက်ကပင် ရတနာမြေအဖြစ် ထင်ရှားခဲ့ကြောင်း၊ သဘာဝကပေးအပ်ထားသည့် အဖိုးတန်ရတနာပစ္စည်းများကို နှစ်ပေါင်းရာချီပြီး ထုတ်လုပ်ခဲ့ရာ ယနေ့တိုင်ထုတ်ယူသုံးစွဲလျက်ရှိကြကြောင်း။

နိုင်ငံတော်အစိုးရက မိုးကုတ်ရတနာမြေတွင် ရတနာတူးဖော်ခွင့်ကို လုပ်ကွက်များသတ်မှတ်ချထားပေးလျက်ရှိကြောင်း၊ အဖိုးတန်ရတနာတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းမှာ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှုရှိသည်နှင့်အမျှ အဖိုးတန်ရတနာများ ထိုက်ထိုက်တန်တန်တူးဖော်ရရှိပြီး အကျိုးများစွာဖြစ်ထွန်းသည့် လုပ်ငန်းဖြစ်ကြောင်း။

အတ္တ၊ ပရ မျှတစွာဆောင်ရွက်

ထို့ကြောင့် ရတနာလုပ်ငန်းနှင့် ဆက်နွှယ်လုပ်ကိုင်လျက်ရှိကြသူများအားလုံးအနေဖြင့် ရိုးသားဖြောင့်မတ်စွာဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏ အကျိုးဖြစ်ထွန်းစေရေးအတွက် အတ္တ၊ ပရမျှတစွာဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ မှန်ကန်သော ကုန်သွယ်မှုလမ်းကြောင်းအတွင်းမှ ဆောင်ရွက်ကြရန်လိုကြောင်း။

မိုးကုတ်မြို့နယ် အနေဖြင့် ရတနာလုပ်ငန်းအပြင် စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့သော အခြားစီးပွားရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်ကြရန်လိုကြောင်း၊ ဒေသဝမ်းစာအတွက် အခြားသော ဒေသများကိုမှီခို နေရမှုအချိုးအစားလျော့ချသွားရန်လိုကြောင်း၊ ဒေသဝမ်းစာဖူလုံမှုယခုထက် ပိုမိုတိုးတက်လာအောင် နည်းလမ်းများ ရှာကြံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ကော်ဖီ၊ လက်ဖက် စိုက်ပျိုးရေးရည်မှန်းချက်ဧက ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးကြရန်မှာ ကြားလိုကြောင်း။

ဝီရိယစိုက်ကြိုးပမ်း

ထို့ပြင် မြို့နယ်အဆင့်တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းလုပ်ငန်းများအောင်မြင်အောင်ဝီရိယစိုက်၍ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်းစုစည်းပေါင်းစပ်လုပ်ကိုင်သွားကြရမည့်အပြင် မြို့နယ်ရှိစေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ၏ အားကိုပါရယူဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများမြန်ဆန်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ နိုင်ငံအကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်နေကြသည့် လူမှုရေးအသင်းအဖွဲ့များခိုင်ခိုင်မာမာရပ်တည်နိုင်ရေးနှင့် လုပ်ငန်းများသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများက ပံ့ပိုးအားပေးမှုများလိုအပ်သကဲ့သို့ ယင်းတို့၏ပူးပေါင်းပါဝင်မှုအားကိုပါရယူပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်ပေါင်းစပ်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်များအတွင်းတိုင်းရင်းသား လူမျိုးပေါင်းစုံစုပေါင်းနေထိုင်လျက်ရှိကြရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပိုမိုဖြစ်ထွန်းလျက်ရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တိုးပွားခိုင်မာလာခဲ့ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး (၃)ပါးရှင်သန်ခိုင်မာနေစေရအောင် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံယူပွဲအလှူတော်မင်္ဂလာအခမ်းအနားကိုမေ ၅ ရက်နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းမိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မေ ၅ ရက်က မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ကျင်းပသော ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံ ပူဇော်ပွဲအခမ်းအနားအပြီးတွင် ရှင်အပါးတစ်ထောင်တို့အား ဆွမ်းများလောင်းလှူကြစဉ်။ (သတင်းစဉ်)

အလှူမင်္ဂလာပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရှင်အပါး တစ်ထောင်အလှူပွဲအလှူရှင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ရွှေနဂါးမင်း ထရိတ်ဒင်းကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌဦးဝင်းမြင့်၊ဇနီး ဒေါ်မြင့်မြင့်သန်းနှင့် မိသားစုများ၊တပည့်ဒါယကာဒါယိကာမများနှင့် အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာအလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော်ဘဒ္ဒန္တကေသရက သမ္မာ ဒနီယ သြဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် ညောင်သုံးပင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောသာရာဘိဝံသက ဝမ်းမြောက်စကား မြွက်ကြားတော်မူသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ် တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် အလှူရှင်မိသားစုတို့က ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ညောင်သုံးပင် ပရိယတ္တိစာသင်တိုက် ဓမ္မဝိနယရံသီ ဆွမ်းစားကျောင်းအတွက် ဦးဝင်းမြင့်(ကုန်သည်/စက်မှု၊ ဥက္ကဋ္ဌ) - ဒေါ်မြင့်မြင့်သန်းမိသားစု

စာမျက်နှာ ၁၂ ကော်လံ ၅ သို့

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ



ပညာရေး ဝန်ကြီးဌာနသည် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကိုစနစ်တကျရေးဆွဲအကောင်အထည်ဖော်ခဲ့သည်ကို မီဒီယာများမှ တစ်ဆင့် သိမြင်ခဲ့ကြပြီး ဖြစ်ပါသည်။ စီမံကိန်း အကောင်အထည်ဖော်မှု အကျိုးရလဒ်များကို စုစည်းတင်ပြသည့် "အမျိုးသားပညာရည် မြင့်မားရေးအထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲ"ကို ရန်ကုန်တိုင်းကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ၂၀၀၄ခုနှစ် မေ ၄ရက်မှ ၇ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိပါသည်။

အစဉ်သင်ယူနေသည့် မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရန် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ကျောင်းပြင်ပပညာရေးနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် "အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"ဟူသည့် အထူးအာရုံ ပြုဆောင်ရွက်သည့် နယ်ပယ်သုံးရပ်ကို သတ်မှတ်၍ အကောင်အထည်ဖော်ခဲ့ပါသည်။

"အခွင့်အလမ်းပွင့်"ဟုဆိုရာတွင် Accessibilityကိုဆိုလိုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ကျောင်းသားလူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များအတွက် သင်ယူခွင့်အခွင့်အလမ်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ပါသည်။ ထင်ရှားသည့် သာဓကများမှာ ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးနှင့် ကျောင်းမြဲရေးအစီအစဉ်၊ မူလတန်းလွန်ကျောင်းအစီအစဉ်၊ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ရွယ်လွန်ကလေးများအတွက် အထူးအစီအစဉ်၊ အခြေခံပညာကျောင်းများနှင့် ကောလိပ်၊ တက္ကသိုလ်များအဆင့်မြှင့်ခြင်းနှင့် အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းနေရွယ်လွန်လူကြီးများအတွက် ကျောင်းပြင်ပပညာရေးမှ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်စသည်တို့ဖြစ်ပါသည်။ ယခုအခါ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိပြီး ကျေးရွာ/ ရပ်ကွက် ငါးခုတိုင်းတွင် အခြေခံကျောင်း အနည်းဆုံးသုံးကျောင်းရှိနေ ပြီဖြစ်သည်။ အလယ်တန်းပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် မူလတန်းလွန်ကျောင်းများကိုလည်း ပညာရေးဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းတာဝန်ယူမှု ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ အရေအတွက်မဟုတ်ဘဲ အရည်အသွေးအရ ပွင့်လမ်းလာမှု (Openness) တစ်ခုမှာ နဝမတန်းတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအား ကျောင်းသားလူငယ်များ ကိုယ်တိုင်ရွေးချယ်သင်ယူပိုင်ခွင့် ပေးခြင်းဖြစ်ပါသည်။ ဤအစီအစဉ် စခါစက "ဖြစ်ပါ့မလား"ဟူသော စိုးရိမ်စိတ်များမှာ သမားရိုးကျတွေးခေါ် သူများထံတွင် ယခုမရှိတော့သည်ကို ကြည့်သောသူတွင်သာ မြင်နိုင်ပါသည်။

အရည်အသွေး (Quality) သည် မျှော်မှန်းချက် အများဆုံးကို သွင်းအားစု အနည်းဆုံးဖြင့် ရယူနိုင်သော တွက်ခြေကိုက်သည့် စွမ်းရည်တစ်ခုဟု စီးပွားရေး ပညာရှင်များက ဆိုသည်။ ပညာရေး အရည်အသွေးကိုလည်း

ပညာရေးသုတေသီတစ်ဦး

သွင်းအားစုများဖြစ်သည့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်း၊ ဆရာအတတ်ပညာရေးတွင် အရည်အချင်းပြည့်မီသော ဆရာရရှိရေးအတွက် လုပ်ငန်းခွင် (Inservice)မှ လုပ်ငန်းကြို (Preservice) သို့ ကူးပြောင်းကျင့်သုံးခြင်းသည် အလွန်သိသာသော တိုးတက်ပြောင်းလဲခြင်းတစ်ခု ဖြစ်သည်။ ခေတ်မီအီလက်ထရွန်နစ် ပစ္စည်းကိရိယာများဖြစ်သည့် အသံ ကိရိယာများ၊ ရုပ်မြင်သံကြားကိရိယာများနှင့် ကွန်ပျူတာများသည် အခြေခံ ကျောင်းများ၏ မီဒီယာခန်းမများသို့ ရောက်ရှိအသုံးချနေမှုများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပညာရေးအတွက် သာဓကတစ်ခုဖြစ်သည်။ ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှု (Modernization)ကို ဦးတည်ဆောင်ရွက်နေသော်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးစံလေ့များကိုလည်း ဆက်လက်ကျင့်သုံးပြီး အစဉ်အလာကောင်းများကို ထိန်းသိမ်းထားပုံကို မီဒီယာခန်း ဖွင့်ပွဲများတွင် ဘုရားရှိခိုးခန်း၊ အိမ်တွင်းမှုခန်း၊ လက်မှုအနုပညာခန်း၊ ဂီတ ရသခန်းတို့ကိုပါ တွဲဖက်တင်ပြနေခြင်းက ခိုင်မာသည့်သက်သေသာဓကပါ။ အလားတူ ပညာရေးစုံညီပွဲတော်များတွင် ထူးချွန်ထက်မြက်သည့် ကျောင်းသားလူငယ်များနှစ်စဉ်ပေါ်ထွက်နေခြင်းသည် အရည်အသွေးမြင့်ပညာရေးအတွက် မျက်မြင်သက်သေများဟု ဆိုရမည်ဖြစ်ပါသည်။

ခက်ဖြာပညာသည် (Diversity)ကို ဆိုလိုခြင်းဖြစ်ပါသည်။ တစ်လမ်းသွားပညာရေးမှ သိသိသာသာ ခွဲထွက်လာခြင်းဖြစ်ပါသည်။ ယနေ့ ပညာခေတ်တွင် လူတိုင်းသည် အချိန်အခါနေရာမရွေး ပညာသင်ယူနေဖို့လိုသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန်ပညာရေးသည် တစ်နေရာတည်းသို့သာ စုဆုံနေရန်မလို။ လမ်းအသွယ်သွယ်ဖြင့်ပညာရေးလမ်းသွယ် များခက်ဖြာနေသည့် ပညာရေးစနစ် မျိုးဖြစ်ရပါမည်။ ထို့ကြောင့် တက္ကသိုလ်နှင့်ကောလိပ်များတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနများ (HRD)ကို ဖွင့်လှစ်သင်ကြားပေးရန်အစီအစဉ်များကို စီမံကိန်းကာလတွင် ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော၊ စွန့်စားတီထွင်လုပ်ငန်းရှင်၊ မူကြိုဆရာဖြစ်စသည့် သင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် ခက်ဖြာပညာကို လက်တွေ့သရုပ်ဖော်ခြင်းဖြစ်သည်။ အထင်ရှားဆုံးသော သာဓကမှာ ဘွားဘွား ဒေါ်သိန်းဆိုင် ဖြစ်ပါသည်။ အသက်ကြီးမှ သားသမီးမြေးမြစ်များနှင့်အတူ(HRD)သင်တန်းများတွင် တက်ရောက်သင်ယူပြီး ဘွဲ့လက်မှတ်များရယူနိုင်ခဲ့သည်မှာ ခက်ဖြာပညာ စံနမူနာယူစရာပါ။ အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ် စီမံကိန်းလုပ်ငန်းများအား ကိန်းဂဏန်းမဖက်အတွေးအဆသက်သက်ဖြင့် လုပ်ငန်းအညွှန်းဘောင်(Conceptual Framework)ရှုထောင့်မှ အကျဉ်းမျှ တင်ပြခဲ့ပြီးဖြစ်ပါသည်။

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ခက်ဖြာပညာအတွက် မြန်မာနိုင်ငံသားတိုင်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပါဝင်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများက မျှော်မှန်းသည့် "အမျိုးသားပညာရည်မြင့်မားရေး"လူမှုရေးဦးတည်ချက်သို့ အချိန်တိုအတွင်း အရောက်လှမ်းကြပါစို့...ဟု။ ။

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ
အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ
စိန်ရတုခန်းမ၊ ၂၀၀၄ ခုနှစ်၊ မေလ (၄-၇)ရက်



ရှင်အပါးတစ်ထောင် အလှူပွဲ အလှူရှင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ရွှေနဂါးမင်းထရိတ်ဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းမြင့် မေ ၅ ရက်က မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

အမှတ် ၁၃၅၊ သံလွင်လမ်း၊ ရန်ကုန်မြို့က ငွေကျပ် သိန်း ၆၀၊ ဒေါ်ကျင်ချိန်မိသားစု တောင်ကြီးမြို့က ငွေကျပ် ၁၀သိန်း၊ ဦးတင်ဆင့်-ဒေါ်ထွေး (ရတနာရှင် ကုမ္ပဏီလီမိတက်) သားမောင်စိုးဦး- မချိုချိုထွန်းမိသားစုက ငွေကျပ် ငါးသိန်းငါးသောင်း၊ ဦးသန်းလှ-ဒေါ်အေးမြင့်က ငွေကျပ် ငါးသိန်း၊ ဦးအောင်သိန်း-ဒေါ်လုံးတင်မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးထွန်းထွန်း-ဒေါ်မြမြသိန်းမိသားစုက ငွေကျပ်ငါးသိန်း၊ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်)ကငွေကျပ် ငါးသိန်း၊ ဦးတင်ငွေ-ဒေါ်ခင်တင့်ဆွေမိသားစုက ငွေကျပ်သုံးသိန်း၊ ဦးအောင်ဇော်-ဒေါ်တင်ရွှေမိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးလှမောင်-ဒေါ်အေးရွှေ မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးစန်းချို-မနန်းနွယ်မိသားစုက ငွေကျပ် တစ်သိန်း၊ မသန်းသန်းစိုး၊ မအဲမွန်၊ မနှင်းနှင်းအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်-ဒေါ်ဖြူမိသားစုက ငွေကျပ်တစ်သိန်း၊ဒေါ်ခင်နွဲ့မိသားစုကငွေကျပ်တစ်သိန်း၊ဒေါ်ငွေးမိသားစုက ငွေကျပ် တစ်သောင်း၊ ဦးအောင်ကျော်-သီဟသုခမ္မသိင်္ဂီ ဒေါ်ကြည်ကြည်သန်းတို့က ငွေကျပ်သုံးသိန်း၊ ဒေါ်ပြုံးကြည် (ဘော်ဗဒန်းရွာ)က ငွေကျပ်နှစ်သိန်း၊ ဦးထွန်းထွန်း-ဒေါ်မြမြသိန်း(ဘော်ဗဒန်းရွာ)က ငွေကျပ်ငါးသိန်းစုစုပေါင်း ငွေကျပ် ၁၂၆ သိန်းကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာ ဘိဝံသက အနုမောဒနာ တရားဟောကြားတော်မူပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပဗ္ဗဇ္ဇအလှူတော်မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အလှူတော်မင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆွမ်းလောင်းလှူ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များသည် ရှင်အပါးတစ်ထောင်တို့အား ဆွမ်းများလောင်းလှူကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် အလှူရှင်များသည် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာသော ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

မိုးကုတ်မြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသည့် ဒေသခံလူငယ်လူရွယ် ၁၀၀၀တို့အား ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ (ရွှေနဂါးမင်း ထရိတ်ဒင်းကုမ္ပဏီ၊ ဥက္ကဋ္ဌ) ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစုက ရှင်သာမဏေသွတ်သွင်းသည့် မင်္ဂလာပြုလုပ်ကြခြင်းဖြစ်သည်။

(သတင်းစဉ်)

စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဂုဏ်ပြု ယဉ်ကျေးမှုဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ငွေလှူဒါန်း

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ တတိယအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ငွေလှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး၊ စာတည်းမှူးချုပ်၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်)တို့ထံ ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ဝိနည်းမိုရ်လက်စွဲစာအုပ် အလှူခံယူနိုင်

ရန်ကုန် မေ ၆

တောင်သာမြို့ ဓမ္မာရုံဆရာတော် ဘဒ္ဒန္တပညာဒီပ(ဓမ္မာစရိယ ဝိသိဋ္ဌဒီဃဘာဏက)ရေးသားတော်မူသော ဝိနယ သာရ မဉ္ဇူသာ(ခေါ်) ဝိနည်းမိုရ်လက်စွဲကျမ်းစာအုပ်ကို အလိုရှိတော်မူကြသော သံဃာတော်များသည် ဓမ္မာရုံကျောင်းတိုက် ဆရာတော် တောင်သာမြို့နှင့် အရှင်ကုသလ ရွာတန်းရှည်ကျောင်းတိုက် ခုနစ်မိုင် (၇)ရပ်ကွက် သလ္လာဝတီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့သို့ လာရောက်အလှူခံ ထုတ်ယူနိုင်ကြောင်းသိရသည်။

(က-ပ)

Computer Worm သတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၆

Sasser ဟုအမည်ရှိ Computer Wormတစ်မျိုးသည် မေလဆန်းမှစ၍ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာများပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။ ၎င်းတွင် Sasser A.B.Cနှင့် Dဟူ၍ မျိုးကွဲလေးမျိုးရှိသည်။ ကွန်ပျူတာ Virus ကာကွယ်ရေးကုမ္ပဏီများ၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကွန်ပျူတာ တစ်သန်းကျော်ကို ထိခိုက်စေခဲ့ကြောင်းသိရှိရသည်။ ဤ Worm များသည် ကွန်ပျူတာစနစ်ထဲရှိ အချက်အလက်များကိုဖျက်ဆီးခြင်း မရှိသော်လည်း ကွန်ပျူတာလုပ်ငန်းစွမ်းဆောင်မှုကို နှောင့်နှေးစေသည်။

ကွန်ပျူတာ Virus များမှာ e-mail ကိုဖွင့်လိုက်ခြင်းကဲ့သို့သော လူ၏လုပ်ဆောင်ချက်တစ်ခုခုကြောင့် သာပြန့်ပွားနိုင်သော်လည်း Worm များမှာကွန်ပျူတာ Operation System ၏ အားနည်းချက်ကိုရှာဖွေ၍ အလိုအလျောက် ပြန့်ပွားနိုင်သည်။ ၎င်း Sasser Worm ကိုဖယ်ရှားရန်အတွက် McAfeeနှင့် Norton Website များမှ ၎င်း Worm ကို ဖယ်ရှားသည့် Softwareကို Download ပြုလုပ်ပြီး ဖယ်ရှားနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်မှ သတင်းရရှိသည်။

(သတင်းစဉ်)

ကျောဖုံးမှ

ထူးချွန် ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၄ ဖွင့်ပွဲ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ထူးချွန်ကြက်ခြေနီလူငယ်များ တွေ့ဆုံပွဲ-၂၀၀၄သို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများ၌ အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သော လူငယ်များ ဘက်စုံကဏ္ဍစုံမှာ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက်သော်လည်းကောင်း၊ စုစည်းခိုင်မာသော အမျိုးသားရေးစွမ်းအားစုများ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက်သော် လည်းကောင်း အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထက်မြက်သောလူငယ်များ

ယခုလို အခြေအနေ၊ အချိန်အခါမျိုးတွင် မွန်မြတ်သန့်စင်သည့် နိုင်ငံ့အကျိုးပြု ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည့်အပြင် ယခုကဲ့သို့ ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေခြင်းသည် နိုင်ငံတော်၏ မျှော်မှန်းကြိုးပမ်းချက်များနှင့်လျော်ညီစွာ အနာဂတ်ကာလတွင်ပခုံးပြောင်းတာဝန်ယူကြရမည့် ထက်မြက်သောလူငယ်များ၏ အစွမ်းအစကို ဖော်ထုတ်ပြသနေခြင်းပင်ဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

ယခုလို တစ်နိုင်ငံလုံးတွင်ရှိသည့် ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များကို ရွေးချယ်စုစည်း တက်ရောက်စေသည့် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲများကို နှစ်စဉ် အစဉ်အလာမပျက် ဖွင့်လှစ်ပြီး စုပေါင်းဆွေးနွေးပညာပေးမှု၊ စခန်းသွင်းလေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်နေခြင်းသည် နိုင်ငံ့အကျိုးလုပ်ငန်းတာဝန်များကို စေတနာ့ဝန်ထမ်း ထမ်းဆောင်နေသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအတွက် ခွန်အားသစ်၊ စွမ်းအားသစ်များတိုးတက်ပွားများလာစေမည့် အစီအစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက များစွာအကျိုး ဖြစ်ထွန်းစေမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့စုစည်းရောက်ရှိနေကြသည့် ထူးချွန်ကြက်ခြေနီမောင်မယ်များအနေနှင့် ယခုလိုထူးချွန် ကြက်ခြေနီတွေ့ဆုံပွဲကို တက်ရောက်ခွင့်ရရှိခြင်းသည် မိမိတို့၏ ထူးချွန်ထက်မြက်မှု၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုတို့အတွက် မိခင်အသင်းကြီးက ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်သလို ပိုမိုပြီးထူးချွန်ထက်မြက်သော၊ အရည်အသွေးပြည့်ဝသော ကြက်ခြေနီမောင်မယ်များ ဖြစ်လာစေရေးအတွက် စခန်းသွင်းလေ့ကျင့်ပျိုးထောင်ပေးခြင်းလည်းဖြစ်သည်ကို နားလည်ခံယူပြီး အသင်းကြီး၏မိမိတို့အပေါ်ထားရှိသည့်မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန် ဆက်လက်ကြိုးစားအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် အမျိုးသားရေး စွမ်းအားစုများအားလုံး ညီညီညွတ်ညွတ်လက်တွဲ ပူးပေါင်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာအလယ်တွင် အမျိုးသားရေး၊ ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက် တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ဖန်တီးဖော်ဆောင်

ယခုလို အချိန်အခါကာလဖြစ်သည်နှင့်အညီ ပြည်သူများအကြားက ရှင်သန်ပေါက်ဖွားလာပြီး ပြည်သူများ၏သားသမီးများနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် စစ်မှန်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကိုလည်း အခြားသောအမျိုးသားရေးအင်အားစုများနည်းတူနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ကြိုးပမ်းစွမ်းဆောင်နိုင်စေရန် အခြေအနေနှင့် အခွင့်အလမ်းများကို နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင် ပေးထားခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်အစိုးရ၏အားပေးချီးမြှောက်မှုများနှင့်လျော်ညီထိုက်တန်စွာ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများနှင့်ယှဉ်တွဲပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားတာဝန်များကို အားကြိုးမာန်တက်ညီညာဖြဖြကြိုးပမ်းထမ်းရွက်နိုင်လျက်ရှိပြီး အရှိန်အဟုန်နှင့် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအနေနှင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်းများဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)တို့နှင့်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ အမျိုးသားကြက်ခြေနီအသင်းများနှင့်ပါ လက်တွဲပူးပေါင်းပြီး နိုင်ငံတကာကြက်ခြေနီလှုပ်ရှားဆောင်ရွက်မှုများကို နိုင်ငံတကာမျက်နှာစာတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်မည်ဆိုပါက မိမိတို့၏ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ လှုပ်ရှားဆောင်ရွက်နေသလို မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့သမိုင်းကြောင်းအခြေခံ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်စံနှုန်းများ၊ အမျိုးသားရေး ဝိသေသထူးခြားချက်များနှင့် ဆီလျော်ညီညွတ်သည့်ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်မှုလုပ်ငန်းများ၊ ပြည်သူများ၏လူမှုရေးဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေး လုပ်ငန်းများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေး တာဝန်များကိုပါ ညီညာတက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် လူငယ်လူရွယ်များ အများစုဖြစ်သည့် စေတနာ့ဝန်ထမ်းလူမှုရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် ပြည်သူများကိုအသင်းကြီး၏ အလံတော်အောက်၌ စုစည်းပြီး နိုင်ငံအကျိုးပြု တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်ဖြစ်လာအောင် စည်းရုံးဦးဆောင်မှုပေးနိုင်နေခြင်းသည် နိုင်ငံတော်၏ အနာဂတ်ရေးအတွက် တန်ဖိုးရှိ ထိုက်တန်သည့် ရေခံမြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အဓိကအခန်းကဏ္ဍ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နယ်စပ်အစွန်အဖျား ဒေသများနှင့် အခြေခံဒေသကျေးလက်များအထိ တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ပြီး ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့် အမျိုးသားရေးတာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်နေသည့် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ အသင်းကြီး၏မွန်မြတ်မြင့်မားသည့် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းစေရေးတွင် စေတနာ့ဝန်ထမ်းကြက်ခြေနီမောင်မယ်များ၏ စိတ်ဓာတ်၊ အရည်အသွေးနှင့် ကျွမ်းကျင်မှု စွမ်းရည်မြင့်မားခိုင်မာစေရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ထို့ကြောင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ စုဖွဲ့လေ့ကျင့်ပျိုးထောင်မှုများအပြင် ယခုလိုထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲများ ဖွင့်လှစ်ပြီး စခန်းသွင်းလေ့ကျင့်ပေးမှုများသည် အရည်အသွေးပြည့်ဝသည့် ကြက်ခြေနီမောင်မယ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေပြီး အသင်းကြီး၏ စွမ်းဆောင်ရည်ထက်မြက်မြင့်မားမှုနှင့်အတူ မျှော်မှန်းချက်များနှင့်အညီ လုပ်ငန်းများအကောင်အထည်ပေါ်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကိုပါ ဖန်တီးဖော်ဆောင်ပေးနိုင်မှာအမှန်ပင်ဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ကြိုးပမ်း

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးအစီအမံများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အစီအမံများချမှတ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူမှုရေးအခြေခံများတိုးတက်ဖြစ်ထွန်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏အခြေခံ အဆောက်အအုံများ ပြည့်ပြည့်ဝဝဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ပေးနေ သည့်အချိန်ကာလတွင် ကြက်ခြေနီမောင်မယ်များကလည်း ဒေသအလိုက်သော်လည်းကောင်း၊ ဗဟို၏စီမံခန့်ခွဲဆောင်ရွက်မှုများဖြင့်သော်လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထူးအလေးထားဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်မှုအတွက် များစွာအထောက်အကူပြုစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အထူးစီမံကိန်းကြီးများ၊ ကျေးလက်နှင့် နယ်စပ်အစွန်အဖျား ဒေသနေပြည်သူများ၏ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ယခုထက် ပိုမိုတက်ကြွသည့်အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်၏ စေတနာ့ဝန်ထမ်း လူမှုရေးအရန်အင် အားစုများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းများအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့စသည့် အသင်းအဖွဲ့များနှင့်ပါလုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်း မှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ယနေ့အခမ်းအနားတွင် စုစည်းရောက်ရှိနေကြသည့် ထူးချွန် ကြက်ခြေနီ မောင်မယ်များသည် တစ်နိုင်ငံလုံးက ထူးချွန်ထက်မြက်သော ကြက်ခြေနီ မောင်မယ်များဖြစ်သည်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မိမိတို့၏အသိစိတ်ဓာတ်ဖြင့် ကျရာကဏ္ဍအလိုက် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ယခုလို စခန်းသွင်း လေ့ကျင့်ရာမှ တန်ဖိုးမဖြတ်နိုင်သော သင်ကြားပို့ချမှုများကို ပြည့်ပြည့်ဝဝ ဆည်းပူးလေ့လာသွားကြရန်၊ လေ့လာသိရှိရသည့် ပညာရပ်များ၊ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံဗဟုသုတများကို လက်တွေ့ဘဝတွင် အကျိုးရှိ ထိုက်တန်စွာကျင့်သုံးနိုင်စေရအောင် ဆင်ခြင် ပွားများကြရန်၊ အထူးသဖြင့် ကြက်ခြေနီလူမှုကရုဏာစိတ်ဓာတ်၊ တိုင်းကျိုးပြည်ဆောင် လူမှုရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စသည့် စိတ်ဓာတ်ရေးရာ ထက်သန် မြင့်မားလာစေရအောင်၊ စိတ်ကောင်းစေတနာကောင်းပွားများ ဖြစ်ထွန်းလာစေရအောင် မိမိတို့ကိုယ်မိမိတို့ လေ့ကျင့် ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ထူးချွန်ထက်မြက်သော ကြက်ခြေနီ လူငယ်များ ပီသစွာဖြင့် ပြုမူနေထိုင်ကျင့်ကြံမှုကအစ ပြည်သူများနှင့် နွေးထွေးပျူငှာစွာ ဆက်ဆံကူညီမှုများမှာပါ စံနမူနာပြဖြစ်စေရအောင်၊ ယဉ်ကျေးသိမ်မွေ့သည့် ကြက်ခြေနီကရုဏာရှင်များအဖြစ် ပြည်သူအများက ယုံကြည်အားကိုးလာစေရအောင် မိမိတို့၏ တစ်သက်ပန်လုံးမှာ ဆက်လက်ကျင့်ကြံအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ထပ်မံမှာကြားလိုသည်မှာ-

- **မြင့်မြတ်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်ဘဝကို တစ်သက်ပန်လုံးခံယူပြီး ထူးချွန်သည့် အရည်အသွေး၊ ထက်မြက်သည့် စွမ်းဆောင်ရည်တို့ဖြင့် ပြည်သူ့အကျိုးပြု ကြက်ခြေနီ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဖြည့်ဆည်းစွမ်းဆောင်နိုင်အောင်ကြိုးပမ်းအားထုတ်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့် ယှဉ်တွဲပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကိုပါ ကျေကျေပွန်ပွန် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ထမ်းရွက်သွားကြပါ၊**
- **ဖြူစင်မြင့်မြတ်သည့် ကြက်ခြေနီလုပ်ငန်းများနှင့် ယှဉ်တွဲပြီး နိုင်ငံအကျိုးပြု အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန် ထမ်းရွက်နိုင်စေရန် ထူးချွန်ထက်မြက်သည့် ကြက်ခြေနီခေါင်းဆောင်ငယ်များ ဖြစ်အောင် မိမိတို့ကိုယ် မိမိတို့ပြုစုပျိုးထောင်ရင်း တိုင်းရင်းသားပြည်သူများအကြားမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင် တစ်တပ်တစ်အား ကြိုးပမ်းစွမ်းဆောင်သွားကြပါ**

ဟုတိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ခြင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာခင်ဆန်းနွယ်တို့က ငွေကျပ်တစ်သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ၊ သားဒေါက်တာတင်စိုးလင်းနှင့် ညီအစ်ကိုမောင်နှမများ(ရွှေပုစွန်မိသားစု)က ငွေကျပ် ၁၀ သိန်း၊ ဒေါ်နန္ဒာထွန်းဝင်း (Country Manager, UNOCAL Myanmar Offshore Co.,Ltd.) က အက်ဖ် အီးစီ၁၀၀၀၊ ဦးမိုးထက်ကျော် (လေဆိပ်လမ်း)က ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးမြင့်ဇော်လွင် (M.Collin Engineering Co.,Ltd) က ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်(KN Engineering Group) က ငွေကျပ်တစ်သိန်း၊ ဦးဇော်လွင်က ငွေကျပ်တစ်သိန်း၊ ဒေါ်ဥမ္မာမော် (ရတနာမြင့်မိုရ်ဦး ကုမ္ပဏီလီမိတက်)က ငွေကျပ် တစ်သိန်း၊ ဦးခင်ကြည် (Eagle Auto Workshop) ကန်တော်လေးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းဌာန ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ ဖခင်ဖြစ်သူ သူရဲကောင်းမှတ်တမ်းဝင် ဗိုလ်တင်မောင်ဝင်းအား ရည်စူး၍ ဦးဝင်းသူရိန်ဝင်း (G.M Seven Star Co.,Ltd.)နှင့် ဒေါ်အေးသီတာဝင်းတို့က ငွေကျပ်တစ်သိန်း၊ ဦးအောင်မြတ်မိုး (Attraction Construction Co.,Ltd.)က ငွေကျပ်တစ်သိန်း၊ ဦးလှတင်(ကျောက်တံတားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဂုဏ်ထူးဆောင်)နှင့်ဇနီး ဒေါ်မေလေးမိသားစုတို့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ -၂၀၀၄ သို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)



မြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့ကြောင့် နိုင်ငံတော်၏မူဝါဒများ၊ အမျိုးသားစီးပွားရေးစီမံကိန်းများ၊ အမျိုးသားပညာရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မိမိတို့၏ ဌာနဆိုင်ရာရည်မှန်းချက်တာဝန်များ၏ မူဘောင်အတွင်းကနေ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်မှုလုပ်ငန်းများတွင် အကျိုးရှိအထိရောက်ဆုံး အသုံးချနိုင်စေရေအောင်ပညာရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံးပူးပေါင်းပါဝင်ကြိုးပမ်းဖော်ဆောင် ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

အလားတူပင် ပညာရှင်အဖွဲ့ဝင်ပညာရှင်ကြီးများကို ပိုမိုပြီးကျယ်ပြန့်စွာပညာသင်ကြားပို့ချဖြန့်ဖြူးနိုင်ရန်၊ သုတေသနပြုလုပ်နိုင်ရန်ကို နိုင်ငံတော်တာဝန်ရှိသူများက အခွင့်အလမ်းများဖန်တီးပေးကြရမည်ဖြစ်သကဲ့သို့ ပညာရှင်ကြီးများ၏ လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် ပညာရပ်ဆိုင်ရာအကြံပြုချက်များ၊ သုတေသနပြုရှာဖွေတွေ့ရှိချက်များကိုလည်း ထိုက်တန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ ဝန်ကြီးများနှင့်တကွ ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးတို့က ပံ့ပိုးဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ပညာရှင်ကြီးများအနေဖြင့်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူပြုစေမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားရေး၊ သိပ္ပံနှင့် နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ရာတွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် အရှိန်အဟုန်မပျက် ဆက်လက်ပြီးကြိုးပမ်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

အလားတူပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သဘာဝနှင့်သယံဇာတအခြေအနေများ၊ ပြည်သူများ၏ စွမ်းအားနှင့် လုပ်အားအခြေအနေများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာ နှင့် အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ဆီလျော်သည့် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဖြစ်ထွန်းလာစေရေအောင် အလေးထားဆောင်ရွက်သွားကြရန်လည်းတိုက်တွန်းပြော ကြားလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် တိုင်းပြည်ဖြစ်သည်နှင့် အညီ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဒေသများဖြစ်သည့် မြို့နယ်တိုင်းတွင် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းအောင်၊ မြို့နယ်အလိုက်ဝမ်းစာဖူလုံပြည့်စုံစေရေအောင်တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ဝမ်းစာမဖူလုံ၊မပြည့်စုံသေးသည့် မြို့နယ်များအထူးသဖြင့်နယ်စပ်အစွန်အဖျားမြို့နယ်များ၌ မိမိတို့ နိုင်ငံသူနိုင်ငံသား ပညာရှင်များက သုတေသနပြုဖော်ထုတ်ထားသည့် အထွက်တိုးစပ်မျိုးစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ခြင်းအားဖြင့် နိုင်ငံတော်အတွက် ရေရှည်အာမခံနိုင်သည့် တိုးတက် ဖြစ်ထွန်းမှုများဖြစ်လာစေရအောင် ပညာရှင်ကြီးများ အနေဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ထပ်မံပြောကြားလိုသည်မှာ–

- **နိုင်ငံတော်၏ အဖိုးတန် အမွေအနှစ် သဘာဝသယံဇာတများကို မိမိ နိုင်ငံတော်နှင့် မိမိလူမျိုး၏ အကျိုးစီးပွားအတွက်အကျိုးအရှိဆုံး ဖော်ထုတ် သုံးစွဲနိုင်စေရအောင် မိမိတို့ ကျွမ်းကျင်ရာ ပညာရပ်ဖြင့် ကြိုးပမ်း စွမ်းဆောင်ပေးကြပါ၊**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းရေးတွင် ပဓာနအကျဆုံးဖြစ်သော ခေတ်မီနည်းပညာများ တိုးတက်ဖြစ်ထွန်းရေး၊ မျိုးဆက်သစ်အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပြုစုမွေးထုတ်ပေးနိုင်ရေးတို့အတွက် ပညာရှင်ကြီးများက မိမိတို့ကျွမ်းကျင်ရာ ပညာရပ်စွမ်းအားဖြင့် အားဖြည့်စွမ်းဆောင်ပေးကြပါ၊**
- **တန်ဖိုးမဖြတ်နိုင်သည့် ပညာဉာဏ်၊ ကြွယ်ဝသည့် အတွေ့အကြုံ ဗဟုသုတ၊ အနာဂတ်ကို မျှော်မှန်းသည့် တွေးခေါ်မြော်မြင်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်စွမ်းအားတို့ကို ပေါင်းစည်းပြီး မိမိတိုင်းပြည်နှင့် မိမိလူမျိုးအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလာအောင် လက်ဆင့်ကမ်းပညာဖြန့်ဝေပေးခြင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်စွမ်းဆောင်ပေးခြင်းတို့ပြုလုပ်ပေးကြပါ**

ဟု မေတ္တာရပ်ခံတိုက်တွန်းမှာကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခန်းမကျက်နှာစာ၌ ပြသထားသော မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သုတေသနပြုဆောင်ရွက်ချက်များနှင့် လုပ်ငန်းဆိုင်ရာလှုပ်ရှားမှု မှတ်တမ်းပြခန်းကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဗိုး

သတိပြုပါ

စူပါသတင်းဂျာနယ် အမှတ်(၁၂) ဖြန့်ချိ

ရန်ကုန် မေ ၆

၂၁ရာစုခေတ် အနုပညာပုံရိပ်သတင်းများဖြစ်သော အိန္ဒြာကျော်ဇင်ရဲ့စူပါစတိုင်လ်၊ ယုဇနရဲ့ တလွဲတွေလုပ်နေတဲ့ ချစ်သူတွေအကြောင်း၊ ပရိသတ်ကိုဖျော်ဖြေရင်း စင်ပေါ်က ခုန်ချမိလို့ ခြေထောက်အရိုးအက်သွားတဲ့မာရဇ္ဇ၊ လွင်မိုးဘာကြောင့်စူပါဖြစ်လာသလဲ၊ ရိုက်ကွင်းပေါ်က တကယ့်ဒါရိုက်တာအကြောင်း၊ ဘရူနိုင်း တော်ဝင်မိသားစုရဲ့ ဖိတ်ကြားခြင်းခံရတဲ့ ကိုရီးယား မင်းသားရှင်ဒေါင်ဟန့်၊ တောင်ပြုန်းပွဲနှင့် ပန်းဒဏ္ဍာရီ ရုပ်ရှင်ကိုမျှော်နေကြသူတွေ အကြောင်း၊ အောင်ဟိဏ်း(ကျိုက်ထော်)၏ ဗီဒီယိုရုပ်ရှင် စူပါဖြစ်လျှင်(၂)၊ ဘရစ်တနီစပီးယား၏ ပြောင်းလဲခြင်းအလှ စသည့် အနုပညာရေးရာ အလှစာမျက်နှာ၊ သတင်း၊ အင်တာဗျူးနှင့်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် စူပါသတင်းဂျာနယ် အမှတ်(၁၂)ကို ဆင်တောင်ကြီးစာပေ အမှတ်၄၁ ၂၉လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်းသိရသည်။ **(က–ပ)**

ပခုက္ကူလေယာဉ်ကွင်းသစ်နှင့် မြစ်ရေတင်စီမံကိန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့် လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင်အတွင်းရှိ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ရေတင်စက်များအသုံးပြုနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ရေတင်စက်များရေအလုံအလောက်ရရှိရေးအတွက် ရေခေါ်ရေကာတာများတည်ဆောက်ထားရှိမှုအခြေအနေကိုတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမောင် လိုက်ပါလျက် ပခုက္ကူလေယာဉ်ကွင်းသစ်တည်ဆောက်ရေးလုပ်ငန်းခွင်**(အပေါ်ပုံ)**သို့ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုအခြေအနေ၊ လေယာဉ်ရပ်နားနေရာပြီးစီးမှု၊ လေဆိပ်အဆောက်အအုံပြီးစီးမှု၊ လေကြောင်းထိန်းမျှော်စင်တည်ဆောက်နေမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ရေရရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ဟုန်ပန်းကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

ဦးမျိုးခင်၏ သား အထက–၄၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပဥ္စမတန်း(D)မှ မောင်မျိုးသီဟကျော် ၁၂/စခန(နိုင်)၀၆၉၂၉၅ အား မောင်မြတ်သိဃ်ာကျော်ဟု ပြောင်းလဲခေါ်ပါရန်။**မောင်မြတ်သိဃ်ာကျော်။**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မေလအတွက်

(၉–၅–၂၀၀၄)ရက်နေ့နှင့် (၃၀–၅–၂၀၀၄)ရက်နေ့

ထူးခြားသည့် နေ့အပူချိန်များ

(၆–၅–၂၀၀၄)

မုံရွာမြို့	၄၃ ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
မင်းဘူးမြို့	၄၃ ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
အောင်လံမြို့	၄၃ ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
မကွေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မိတ္ထီလာမြို့	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ရမည်းသင်းမြို့	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့	၄၀ ဒီဂရီစင်တီဂရိတ်	(၁၀၄ ဒီဂရီဖာရင်ဟိုက်)

အရှိန်အဟုန်တဖြည်းဖြည်းလျော့ကျလာနေသည့် ပရီမီယာရှစ်

ဟိန်းသန့်

ရမ်ကုန် မေ ၆

ပရီမီယာရှစ်မှာ စိတ်ဝင်စားစရာများ တဖြည်းဖြည်းလျော့နည်းလာပြီဖြစ်သည်။ ပွဲစဉ်(၃၆)အပြီးမှာပင် ချန်ပီယံအသင်းပေါ်ထွက်ပြီးဖြစ်သကဲ့သို့ အတန်းဆင်းရမည့် သုံးသင်းလည်း အဖြေထွက်သွားခဲ့ပြီဖြစ်သည်။

ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရမည့်အဆင့်(၂)နေရာအတွက် ချယ်လ်ဆီးနှင့် မန်ယူတို့အပြိုင်ဖြစ်နေမှုမှာလည်း ပွဲစဉ် (၃၆)၌ ချယ်လ်ဆီးနိုင်ပြီး မန်ယူရှုံးသွား၍ အဖြေက ထွက်သလောက် ဖြစ်သွားခဲ့သည်။ ဖာဂူဆင်ကိုယ်တိုင်ပင် အဆင့်(၂)နေရာကို လက်လျှော့ထားလိုက်ပြီဖြစ်ရာ အဆင့်(၂)နေရာအတွက် ပြိုင်ဆိုင်မှုအရှိန်မှာလည်း လျော့ကျသွားခဲ့သည်။ သည်တော့ ပရီမီယာရှစ်၌ စိတ်ဝင်စားစရာဆို၍ ချန်ပီယံလိဂ် လက်ကျန်ဝင်ခွင့်တစ်နေရာစာလုမည့် လီဗာပူး၊ အက်စတန်ဗီလာနှင့် နယူးကာဆယ်တို့၏ ယှဉ်ပြိုင်မှုများသာ ကျန်တော့သည်။ ဘော်လ်တန်အနေဖြင့် ချန်ပီယံလိဂ် ဝင်ခွင့်နေရာအတွက် အမှတ်မီနေသေးသော်လည်း အခြေအနေကား မလွယ်တော့။ ယူအီးအက်ဖ်အေ ဝင်ခွင့်လောက်သာ ကြိုးစားရတော့မည့် အနေအထားမျိုး ဖြစ်နေသည်။

ထိုသို့စိတ်ဝင်စားစရာ လျော့နည်းသွားသည့် အချိန်မျိုးရောက်မှ လာမည့်ပွဲစဉ်(၃၇)၌ မန်ယူနှင့်ချယ်လ်ဆီးတို့ လာတွေ့နေသည်။ နှစ်သင်းစလုံး မျှော်လင့်ချက် ကိုယ်စီနှင့်ဆိုလျှင် ထိုပွဲမှ စိတ်ဝင်စားစရာ ပွဲကောင်းတစ်ပွဲ ဖြစ်နိုင်သေးသော်လည်း ယခုအချိန်၌ ထိုသို့ မဟုတ်တော့။ ထို့ကြောင့် လာမည့်ပွဲစဉ်(၃၇)၌ စိတ်ဝင်စားစရာပွဲဟူ၍ ဗီလာ၊ လီဗာပူးနှင့်နယူးကာဆယ်တို့ ကစားရမည့်ပွဲများသာ ရှိတော့သည်။ စိတ်ဝင်စားစရာများ လျော့နည်းလာသော ပရီမီယာရှစ်၌ မျှော်လင့်ချက်နှင့် ကစားဦးမည့် ပွဲကျန်များနှင့်ပင် ရင်ခုန်ရတော့မည်ဖြစ်သည်။

ပွဲစဉ်(၃၇) ၇/၈-၅-၂၀၀၄

ဘာမင်ဂမ်-လီဗာပူး

လီဗာပူးအနေဖြင့် လက်ကျန်နှစ်ပွဲစလုံး အနိုင်ကစားရန် လိုနေသည်။ နှစ်ပွဲစလုံးနိုင်ထားလျှင်တောင် နယူးကာဆယ်၌ ပွဲကျန်တစ်ပွဲကစားဖို့ရှိနေသေး၍ အဆင့်လေးနေရာအတွက် မကျိန်းသေသေး။ သည်တော့ ကိုယ့်တာကိုယ် အရင်လုံအောင်သာ လီဗာပူးတို့ အားထုတ်ရဦးမည်ဖြစ်သည်။ ဘာမင်ဂမ်ကလည်း မျှော်လင့်ချက်ရေးရေးကလေး ကျန်ရှိသေးရာ ထိုမျှော်လင့်ချက်လေးဖြင့် လီဗာပူးကို ရင်ဆိုင်ဦးမည်ဖြစ်သည်။ ယခုနောက်ပိုင်း ဘာမင်ဂမ် ကစားပုံကလည်း ကောင်းနေ၊ အိမ်ရှင်လည်းဖြစ်နေပြန်ရာ လီဗာပူး သတိထားရမည့်ပွဲမျိုး ဖြစ်နေသည်။ ပထမအကျော့က လီဗာပူး ၃-၁ ဖြင့် နိုင်ထားသော်လည်း လီဗာပူး၏ လက်ရှိခြေစွမ်းအရ ဘာမင်ဂမ်ကွင်း၌ ထိုအနိုင်မျိုးပြန်ရရန် သိပ်မလွယ်လှတော့။ သရေပွဲလောက်ဖြင့်သာ အဆုံးသတ်သွားလိမ့်မည်ဟု ထင်မိသည်။

တော့တင်ဟမ်-ဘလက်ဘန်း

နှစ်သင်းစလုံး သိက္ခာအတွက်သာ ကစားရတော့မည့်ပွဲ ဖြစ်သည်။ လောလောဆယ် ဘလက်ဘန်း ခြေတက်နေသည်။ တော့တင်ဟမ်မှာမူ ခြေစွမ်းပျောက်ပြီး ရှုံးပွဲဆက်နေသည်။ ပထမအကျော့ ဘလက်ဘန်းကွင်း၌ ရှုံးထားသည်က တော့တင်ဟမ်။ သည်တော့ လက်ရှိ အနေအထားများအရ တော့တင်ဟမ် အိမ်ကွင်းနောက်ဆုံးပွဲ၌ သိက္ခာဆယ်ရန် ကြိုးစားကစားလိမ့်မည် ထင်သည်။ ဘလက်ဘန်းအတွက်လည်း အမှတ်လိုတော့သည့်ပွဲမဟုတ်ရာ တော့တင်ဟမ်ကိုပဲ အနိုင်ပေးကြည့်လိုက်မိသည်။

အဲဗာတန်-ဘော်လ်တန်

အဲဗာတန် ခြေကျနေသည်။ နည်းပြမိုယက်စ်ပင် အဲဗာတန်အနေအထားကြောင့် စိတ်ပျက်နေရသည်။ သို့ရာတွင် ယခုအချိန်၌ အတန်းဆင်းရမည့် သုံးသင်းကလည်း ပေါ်ထွက်သွားပြီဖြစ်ရာ အဲဗာတန်အတွက် သိပ်ပြီး ထူးထူးခြားခြားထလုပ်ပြစရာ မလိုတော့။ စိတ်အေးလက်အေးဖြစ်သွားသည့်အချိန်မျိုး ဖြစ်နေသည်။ ဘော်လ်တန်မှာ ထိုသို့မဟုတ်၊ ယူအီးအက်ဖ်အေ ဝင်ခွင့်

အင်္ဂလိပ် ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ အဖြစ် အာဆင်နယ် နှင့် ဘာမင်ဂမ် အသင်းတို့ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အာဆင်နယ် တိုက်စစ်မှူး အွန်နရီ ထိုးဖောက် ကစားမှုကို ဘာမင်ဂမ်မှ ကွင်းလယ်ကစားသမား ရော် ဘီ ဆာ ဗေ့ ဟန့် တား ရန် ကြိုးစားစဉ်။

မျှော်လင့်ချက်လေးဖြင့် ယခုပွဲကိုကစားဦးမည်ဖြစ်သည်။ ထို့ကြောင့် ရှုံး၍မဖြစ်၊ ရှုံးပါက မျှော်လင့်ချက်ကုန်သွားလိမ့်မည်။ ထို့ကြောင့်ဘော်လ်တန်တို့ အတတ်နိုင်ဆုံးတော့ ကြိုးစားဦးမည့်ပုံရှိသည်။ ဘော်လ်တန်၏ခြေစွမ်းမှာလည်း ယခုနောက်ပိုင်း ပုံမှန်ခြေပြန်ရနေရာ ခြေစွမ်းခပ်ပျက်ပျက် အယ်ဗာတန်ကို အဝေးကွင်း၌ အနိမ့်ဆုံးသရေတော့ ခံကစားနိုင်လိမ့်မည် ထင်သည်။

အင်္ဂလိပ် ပရီမီယာရှစ် ဘောလုံးပြိုင် ပွဲ အ ဖြစ် ဘ လက် ဘန်း နှင့် မန် ချက်စတာယူနိုက်တက်တို့ ကစားသည့်ပွဲတွင် မန်ယူ ဘောလုံးသမားဟောင်း တစ်ဦးဖြစ်ပြီး ဘလက်ဘန်းအသင်း၏ တိုက်စစ်မှူးဖြစ်သူ အင် ဒီ ကိုးလ် က မန် ယူ ဘက် သို့ ဂိုးသွင်းယူစဉ်။

ဖူလ်ဟမ်-အာဆင်နယ်

အာဆင်နယ်၏ရှုံးပွဲမရှိစံချိန်ကို မည်သည့်အသင်း ရပ်တန့်ပြနိုင်မည်နည်း။ ယခုတစ်ဖန် အလှည့်ကျသည့် အသင်းက ဖူလ်ဟမ်ဖြစ်သည်။ ကစားရမည်ကလည်း ဖူလ်ဟမ်ကွင်းဖြစ်ရာ အာဆင်နယ် သတိတော့ထားရလိမ့်မည်။ သို့ရာတွင် အာဆင်နယ်အနေဖြင့် ချန်ပီယံဖွဲ့ ပိုက်ထားပြီး စိတ်အေးလက်အေး ကစားခွင့်ရနေခြင်း၊ ခြေစွမ်းမှာလည်း ဖူလ်ဟမ်ထက် သာနေခြင်းများကြောင့် အာဆင်နယ်၏ အရှုံးမရှိစံချိန်ကို ဖူလ်ဟမ်တို့လည်း ရပ်တန့်ရန် လွယ်ဦးမည်မဟုတ်ဟု ထင်မိသည်။

လိဒ်စ်-ချာလ်တန်

နှစ်သင်းစလုံး ခြေစွမ်းက ခပ်ပျက်ပျက်ဖြစ်နေကြသည်။ သို့သော် လိဒ်စ်တို့ အနေဖြင့် အတန်းပင် ဆင်းလိုက်ရပြီ ဖြစ်သဖြင့် စိတ်ဓာတ်ပိုင်းပါ ဇီးရိုးဖြစ်နေနိုင်သည်။ အသင်းတာဝန်ရှိသူနည်းပြနှင့် ကစားသမားများကြား အခြေအနေကလည်း ညီညွတ်မှု ကင်းမဲ့နေကြသည်။ ထို့ကြောင့် ယူအီးအက်ဖ်အေအတွက် မျှော်လင့်ချက်ပါးပါးလေး ရှိနေသည့် ချာလ်တန်သာ နောက်ဆုံးအနေဖြင့် အားထည့် ကစားလိုက်ပါက အမှတ်ပြည့်သုံးမှတ်ရသွားဖို့ များနေသည်။

လက်စတာ-ပို့စ်မောက်

အတန်းဆင်းလိုက်ရပြီဖြစ်၍ လက်စတာတို့ စိတ်ဓာတ်များ အောက်ဆုံး ရောက်နေလောက်သည်။ အိမ်ကွင်းနောက်ဆုံးပွဲ၌ အိမ်ခံပရိသတ်ကို နှုတ်ဆက်သည့် အနေဖြင့် အနိုင်ကစားပြပြီး အတန်းဆင်းသွားရသည့် အဖြစ်မျိုး ရအောင် ကြိုးစားမည်လားသာ စောင့်ကြည့်ရလိမ့်မည်။ ပို့စ်မောက်မှာလည်း စိတ်အေးရသည့် အနေအထားမျိုး ရောက်နေရာ သည်ပွဲ၌ သာမန်လောက်သာ ကစားသွားမည့်ပုံရှိသည်။ ထိုအနေအထားအရဆိုလျှင်တော့ လက်စတာ အမှတ်ရသွားနိုင်ခွင့်ရှိနေသည်။

မန်ယူ-ချယ်လ်ဆီး

မန်ယူတို့ သိက္ခာအတွက်တော့ ကစားပြမည်ထင်သည်။ ချယ်လ်ဆီးကို ဖိအားပေးနိုင်ရန် မန်ယူတို့ သည်ပွဲကို ကြိုးစားကစားမည့် အနေအထားမျိုးရှိသည်။ သို့သော် ခက်နေသည်က မန်ယူတိုက်စစ်၊ မန်ယူတိုက်စစ် ဒဏ်ရာများကြောင့် မသွက်မလက်ဖြစ်နေမှုက မန်ယူကို နိုင်ပွဲတွေနှင့် ဝေးစေခဲ့သည်။ ယခုပွဲ၌လည်း မန်ယူတိုက်စစ် ထိုကဲ့သို့ပဲလား။ ချယ်လ်ဆီးမှာမူ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ အနိုင်အရှုံးက ယခုပွဲကို စကားပြောသွားနိုင်သည်။ ချန်ပီယံလိဂ်၌ ပွဲပန်းနေနိုင်သော်လည်း မန်ယူကို သရေကစားလျှင်ပင် အဆင့်(၂) သေချာနေပြီဖြစ်ရာ ချယ်လ်ဆီးကိုလည်း သိပ်ပြီး လျှော့တွက်မထားသင့်။ ပထမအကျော့နိုင်ထားသည်ကလည်း ချယ်လ်ဆီး။ ပြီးခဲ့သည့် လေးရာသီမန်ယူကွင်း၌ ဆုံခဲ့ကြစဉ်ကလည်း ချယ်လ်ဆီးအနေဖြင့် နှစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်ပွဲနိုင် ကစားထားနိုင်သည့် အနေအထား၊ မန်ယူ၏ လက်တလော ခပ်လျော့လျော့ခြေစွမ်း စသည့်တို့ကို ပေါင်းစုပြီး စဉ်းစားလိုက်လျှင် ယခုပွဲ၌ မန်ယူဆီက ချယ်လ်ဆီးတို့ အမှတ်ခွဲယူခွင့်ရနိုင်ဖို့ များနေသည်။ သရေပွဲဟု မှန်းထားလိုက်မိသည်။

မစ်ဒယ်ဘရော့-မန်စီးတီး

နှစ်သင်းစလုံး သရုပ်ပြပွဲသာ ကစားသွားကြဖို့ များနေသည်။ ယခုမှ စိတ်အေးသွားရသည့် မန်စီးတီးလည်း တင်းထားသော စိတ်ဓာတ်များ ပြန်ကျသွားလောက်ပြီဖြစ်ရာ အိမ်ကွင်းနောက်ဆုံးပွဲ၌ ပရိသတ်ကိုအနိုင်ဖြင့်နှုတ်ဆက်ချင်စိတ်ဖြင့်သာ မစ်ဒယ်ဘရော့တို့ ကစားသွားခဲ့ပါက အနိုင်ရသွားနိုင်ခွင့် အပြည့်အဝကို ရှိနေသည်။

နယူးကာဆယ်-ဝုလ်ဖ်

နယူးကာဆယ်အတွက် မဖြစ်မနေအနိုင်ကစားထားရမည့်ပွဲဖြစ်သည်။ သို့သော် တစ်ဖက်၌ ယူအီးအက်ဖ်အေပွဲ ကစားထားရသည့် အနေအထား၊ အသင်းမှာလည်း ဒဏ်ရာများကြုံနေရသည့် အနေအထားများကြောင့် နယူးကာဆယ်ကို သိပ်ပြီး အထင်မကြီးထားဖို့ လိုလိမ့်မည်။ ဝုလ်ဖ်ကလည်း အတန်းဆင်းသွားရပြီဖြစ်ရာ မည်သည့် မျှော်လင့်ချက်မျိုးမှမရှိဘဲ ရင်ဆိုင်ကစားမည့် အခြေအနေ၌ ရှိနေရာ ယခုပွဲ၌ နယူးကာဆယ်နိုင်လျှင်တောင် ဂိုးပြတ်မည် မထင်မိ။ အခန့်မသင့်လျှင် သရေပွဲပင် ဖြစ်သွားနိုင်၏။

ဆောက်သမ်တန်-အက်စတန်ဗီလာ

ဆောက်သမ်တန်ခြေက မှန်းရခက်နေပြန်သည်။ ပေါ်တစ်လှည့်၊ ပျောက်တစ်လှည့် ခြေစွမ်းအပြင် အသင်းအနေဖြင့်ကလည်း မည်သည့်ခံစားချက်မျိုးမှ မရှိဘဲ ဗီလာကို ရင်ဆိုင်ရမည့် အချိန်ဖြစ်သည်။ ဗီလာမှာမူ မျှော်လင့်ချက် ရှိနေသည်။ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် ဗီလာတို့ အမှားအယွင်းမရှိအောင် ကြိုးစားလိမ့်မည်။ ယခုပွဲအပြီး မန်ယူနှင့်ကစားရမည်ကလည်း ဗီလာတို့။ သည်ပွဲကို အနိုင်ရအောင်ရှာထားဖို့ အဓိက တွန်းအားဖြစ်နေသည်။ ဗီလာတို့ မနိုင်နိုင်အောင် ကစားလိမ့်မည်။ နိုင်လည်း နိုင်သွားပေလိမ့်မည်။ ။

(မြန်မာ့အလင်း)

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲအဖြစ် လိဒ်ယူနိုက်တက်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် လိဒ်ယူနိုက်တက်မှ အလန်စမစ် ဘောလုံး ထိုးဖောက်ကစားစဉ်။

ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဗုဒ္ဓသာသနာပြု အင်္ဂလိပ်ဘာသာ ပို့ချမည်

ရန်ကုန် မေ ၆

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာတွင် နှစ်စဉ်ဖွင့်လှစ်လျက်ရှိသော ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြုအင်္ဂလိပ်ဘာသာသင်တန်းကို တက္ကသိုလ်ဝါရင့် အငြိမ်းစားဆရာကြီးများက အင်္ဂလိပ်ဘာသာနှင့် စကားများကို ကုသိုလ်ဖြင့် သင်ကြားပို့ချပေးမည် ဖြစ်သည်။

(သ၊စ၊အ)ဓမ္မာစရိယ တစ်ခုခုအောင်မြင်တော်မူသော ရဟန်းတော်များ သိက္ခာတော် ၁၅ ဝါရရှိပြီး ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ မူလစာချရဟန်းတော်များ သင်တန်းတက်ရောက်ရန် မေ ၃၁ရက်အတွင်း နောက်ဆုံးထား၍ အဆိုပါ သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလ၊ ကုန္ဒကထံ လျှောက်ထားနိုင်သည်။ သင်တန်းကို ဇွန် ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းများကိုလည်း အဆိုပါနေ့တွင် စတင်သင်ကြားမည်ဖြစ်ရာ သင်တန်းသားများ စာရင်းသွင်းကြရန် ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေး သာသနာ့ရိပ်သာ အမှတ် ၆ အင်းစိန်လမ်းမကြီး အင်းစိန်မြို့နယ်၊ ဖုန်း ၆၄၂၂၁၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ လိုက်ပါလျက် ဧပြီ ၃၀ရက်က ကြို့ပင်ကောက်မြို့သို့ ရောက်ရှိပြီး အရှေ့လမ်းမတော်လမ်း ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ရှင်းပြကြစဉ်။ (ဝ၄၀)

အတုလမာရ်အောင်စေတီ ထီးတော်တင်လှူပွဲကျင်းပမည်

မော်လမြိုင် ဧပြီ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်နှစ်ခုကြားရှိသည့် အတုလမာရ်အောင်စေတီတော်မြတ်ကြီးကို မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်ရှိ အောင်ဇမ္ဗူဓမ္မရိပ်သာကျောင်းတိုက်မှ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသနှင့် စေတနာရှင်များ ပူးပေါင်း၍ ကျပ်သိန်း ၁၃၀ကျော်အကုန်အကျခံ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)

ဆောင်ရွက်

အတုလမာရ်အောင် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းနှင့်ပတ်ဝန်းကျင်ရှိ ရင်ပြင်၊ လောင်းတော်မူဘုရား၊ ရှင်သီဝလိပုံတော်၊ ဂြိုဟ်တိုင်၊ မုခ်ဝ၊ အုတ်တံတိုင်း ပတ်လည်နှင့် တံခွန်တိုင် တည်ဆောက်မှုတို့သည် ရာခိုင်နှုန်း ၈၀ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။

ကျင်းပ

ယင်းအတုလမာရ် အောင်စေတီတော်မြတ်ကြီးကို ၂၀၀၄ ဒီဇင်ဘာ ဒုတိယပတ်တွင် ထီးတော်တင်လှူပွဲကို ဆရာတော်၏ကြီးကြပ်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၈)**

မော်လမြိုင်ကျွန်းမြို့နယ် သူရဲချောင်းကျေးရွာ ဦးမောင်ကြည်-ဒေါ်ကျင်အေးမိသားစုက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဆောက်လုပ်လှူဒါန်းသော ကျပ်သိန်း ၃၀ကျော်တန် သူရဲချောင်းကျေးရွာချောင်းကူး ပြည့်ဖြိုးသာတံတားဖွင့်ပွဲကို ဧပြီ ၂၇ရက်က ပြည့်ဖြိုးသာတံတားသစ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းဗိုလ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှညိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၉၇)

ကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်

ဖားကန့် မေ ၃

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနစည်းဝေးခန်းမတွင် ဧပြီ ၂၉ရက် နံနက် ၉ နာရီက လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဆိုင်ရာ လက္ခဏာစုများ ကုသခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ပြုလုပ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးကြည်လွင်က အဖွင့်အမှာစကားပြောကြားပြီး ပညာပေးသင်တန်းကို ဒေါက်တာ ဦးကြည်လွင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်သီတာနှင့် ကျန်းမာရေးမှူး ဒေါ်တင်ဝင်းတို့က သင်တန်းများ ပို့ချရာ အခြေခံကျန်းမာရေးဝန်ထမ်း ၄၀ တက်ရောက်ကြသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုက်ပုလဲကျေးရွာ ကျေးလက်စက်ရေတွင်းဖွင့်ပွဲကျင်းပ

မိတ္ထီလာ မေ ၄

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် တူးဖော်ခဲ့သော ပျဉ်သာကျေးရွာအုပ်စု ကျိုက်ပုလဲကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၂ရက် နံနက် ၈နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်

စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအေးမင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

တူးဖော်

ယင်းစက်ရေတွင်းမှာ နှစ်လက်မစက်ရေတွင်းဖြစ်ပြီး တစ်နာရီ ရေထွက်နှုန်း ဂါလန် ၁၂၀၀ ရှိ၍ အဖွဲ့ရန်ပုံငွေကျပ်ရှစ်သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေ ဖြင့် စက်ရေတွင်း ၂၅တွင်း၊ လက်နှိပ်တုံကင်တွင်း တစ်တွင်းနှင့် အလှူရှင်စက်ရေတွင်း ၁၆ တွင်းကို တူးဖော်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဓမ္မဗိမာန်စာပေဆုများ ချီးမြှင့်မည်

ရန်ကုန် မေ ၆

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသန(ဓမ္မာစရိယ မဟာဝိဇ္ဇာ) တည်ထောင်သော ဓမ္မဗိမာန် စာပေဆုများကို ပြိုင်ပွဲခေါ်ယူခဲ့ပြီး စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ၂၀၀၃ ခုနှစ် ဆုရပုဂ္ဂိုလ်များကို ရွေးချယ်ထုတ်ပြန်၍ ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ပုံနှိပ်ပြီး ဓမ္မစာပေဆု ပထမဆု အရှင်နန္ဒသေနာလင်္ကာရ၏ **“ဘာသာရေး အနှစ်သာရများ”**၊ သာသနာ့သမိုင်း စာပေဆု ပထမဆု ဒေါ်ခင်မေသိန်း (ပျော်ဘွယ်)၏ **“မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဗုဒ္ဓသာသနာရေးဆိုင်ရာ ကိစ္စရပ်များ”**၊ အထွေထွေ ဓမ္မစာပေဆု ဒုတိယဆု (မြေလတ်-မင်းလွင်)၏ **“ဗုဒ္ဓညွှန်ပြ အလှကမ္ဘာ”**၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ ပထမဆုရပုဂ္ဂိုလ်များ၏ ဓမ္မဗိမာန်ဆုနှင်းသဘင် အခမ်းအနားကို ရန်ကုန်မြို့ ရှင်သာမဏေဓမ္မဗိမာန် အာဇာနည်လမ်း (ရွှေတိဂုံအလယ်ပစ္စယာ အရှေ့မုခ်နှင့် မြောက်ဘက်မုခ်ကြား)၌ မေ ၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် ဓမ္မဗိမာန် အမှတ် ၆၀၆၊ ဒုတိယထပ်၊ ၅လမ်းနှင့် ၆လမ်းကြား ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉၊ ၂၂၅၉၀၇ သို့ ဆက်သွယ်ကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မတ် ၂၅ရက်က မန္တလေး အောင်မြေသာစံမြို့နယ် မြို့နယ်လုံးကျွတ် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြရာ သီရိမာလာ အရှေ့ရပ်ကွက်သူရပ်ကွက်သားများ ပါဝင်ဆောင်ရွက်ကြစဉ်။ (၁၆၂)

မြန်မာ့အသံ

၈-၅-၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၀၉:၃၀ ခေတ်ပေါ်တေး
၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့်သာစုဆွေးနွေးခန်း
၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စပ်မျိုးစပါးထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ အမျိုးသမီးမဂ္ဂဇင်း
(၁) ရိုင်းပင်းကူညီကြက်ခြေနီ (ခေါင်းကြီး)
(၂) နွေမှာပွင့်သော ကရုဏာပန်း (ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရ အစီအစဉ် (ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်နှင့် ပဲခူးတိုင်းမှ မောင်လင်းထက်ကျော် တို့၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (သွေးပူလေ့ကျင့်ခန်း) (ဦးဉာဏ်ထွန်း) (ညွှန်မှူး၊ အား/ကာ)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် “ဆန်ပြားသောအချစ်” တေးစီးရီး)
၂၀:၃၀ English Lesson Working Knowledge သင်ခန်းစာ
၂၀:၄၅ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရောဝတီတိုင်း၊ ရွှေလောင်းမြို့၊ ရွာမရပ်၊ မေတ္တာလမ်းနေ
ဦးမြင့်မောင်(တပ်မတော်လေ–ငြိမ်း)–ဒေါ်ဂျေစီသန်း(အထပြ၊ ရွှေလောင်း)
တို့၏သားငယ်
မောင်မင်းလွင်ထွန်း B.E(Civil)
S.A.E လမ်းအထူးအဖွဲ့(၆)၊ နမ္မတီး–တနိုင်းလမ်းစီမံကိန်း
နှင့်
ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မဂ္ဂင်လမ်း၊ အမှတ်၁၀(A)မြေညီထပ်နေ
ဦးလှမောင်သာ(သဇင်စိန်ရွှေရတနာလုပ်ငန်း)–ဒေါ်သဇင်
တို့၏ တစ်ဦးတည်းသောသမီး
မနှင်းသူဇာဖြိုး(ခ)မသူဇာထွန်း 2nd Year Eco(U.D.E)
တို့သည် ၁၈–၄–၂၀၀၄ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းလွင်ထွန်း–မနှင်းသူဇာဖြိုး(ခ)မသူဇာထွန်း။

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

1. Office Staff	ကျား (၃)ဦး၊ မ (၃) ဦး
2. Manager	ကျား (၁)ဦး၊ မ (၁) ဦး
3. °°Assistant Manager	ကျား (၁)ဦး၊ မ (၁) ဦး
4.°°°Senior Accountant	ကျား/မ (၁) ဦး
5.°°°Junior Accountant	ကျား/မ (၁) ဦး

အမှတ်စဉ် (၁)၊(၂)နှင့်(၃)အတွက် (ကျား)ဖြစ်ပါက ကားမောင်းကျွမ်းကျင်သူကို ဦးစားပေးမည်။ (မ)ဖြစ်ပါက ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။ အမှတ်စဉ်(၄)နှင့်(၅)အတွက် စာရင်းကိုင်ကျွမ်းကျင်ရမည်။ အသက် (၄၀) ပတ်ဝန်းကျင်ရှိရမည်။ လျှောက်ထားလိုသူများသည် ဓာတ်ပုံတစ်ပုံနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ဆက်သွယ်ရန်လွယ်ကူသော ဖုန်းနံပတ် အပြည့်အစုံတို့ကို ရန်ကုန် စာတိုက် သေတ္တာအမှတ် (၁၀၃)သို့ ပေးပို့လျှောက်ထားနိုင်သည်။

လူပျောက်ကြော်ငြာ



ဖော်ပြပါဓာတ်ပုံရှင် ဦးမောင်အုန်း နိုင်ငံသားစိစစ်ရေးကတ် အမှတ် ၇/နတလ(နိုင်)၀၆၄၉၃၈ အသက် (၇၀) သည် သတိမေ့တတ်သည့် ဝေဒနာရှိ၍ ၁–၅–၂၀၀၄ ရက်တွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် တောင်တော်ဦးကျောင်းမှ ထွက်သွားပြီး ပြန်မလာပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာနှင့်ဖုန်းအမှတ်သို့အကြောင်းကြားပေးပါရန်နှင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်–
ရန်ကုန်မြို့ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ တောင်တော်ဦးကျောင်း
ဖုန်း–၆၉၉၂၇၆၊ ၀၉–၅၀၀–၉၈၀၆

အမည်ပြောင်း

အဖဦးမြသောင်း၏သမီးဖြစ်သူ မြောက်ဥက္ကလာပအထက(၄)သတ္တမတန်း (A)မှ မရတနာဖြိုးအား မထက်သီရိလွင်ဟု ပြောင်းလဲခေါ်ပါရန်။
မထက်သီရိလွင်။

အမည်ပြောင်း

အဖ ဦးထွန်းကြည်၏ သမီး မဇာဇာမင်း ၁၀/မဒန(နိုင်)၁၆၀၃၀၈ အား ယနေ့မှစ၍ မဇာဇာယမင်းထွန်းဟုပြောင်းလဲခေါ်ပါရန်။
မဇာဇာယမင်းထွန်း။

အမည်ပြောင်း

ဦးမြလှိုင်၏ သမီး အထက(ရေဆင်း)နဝမတန်းမှမကြွေကြွေလှိုင် ၉/ပမန (နိုင်) ၁၈၅၈၆၄ အား မမိုးမြင့်သဇင်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမိုးမြင့်သဇင်အောင်။**

သမီးအဖြစ် စွန့်လွှတ်ခြင်းမှရုပ်သိမ်းခြင်း

မစုစုစံ ၁၂/လသန(နိုင်)၀၂၀၃၅၂ (ဒုတိယနှစ်၊ ကွန်ပျူတာတက္ကသိုလ်)ကို သမီးအဖြစ် စွန့်လွှတ်ခြင်းမှ ရုပ်သိမ်းပါသည်။
ဦးခင်မောင်သိန်း–ဒေါ်အေးအေးညွန့်။

အမြန်ပြန်လာပါ

သားငယ် စိုးညီညီ သားစိတ်တိုင်းကျ ဖြစ်စေရမည်။ အမြန်ပြန်လာပါ။
ဒေါ်အေးရှာဝါ(ခ)အနန်း။

ရောင်း/ကားနှင့်လဲမည်

အမှတ် ၈၊ လှည်းတန်း (၆)လမ်း (ဈေးကျောင်းနီး) ၂၅ ပေ x ပေ ၅၀၊ တစ်ထပ်အိမ်၊ ရေ၊ မီးစုံ၊ နှစ် ၆၀ ဂရန်ရောင်းSloon ဖြင့်လဲနေရာကောင်း၊ ဝန်းကျင်သန့် ရှုပ်ရှင်းကင်းသည်။

မျက်မမြင်သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း ကြည့်မြင်တိုင်တွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားလိုသော မျက်မမြင် အမျိုးသား/အမျိုးသမီး (လူမျိုးဘာသာမရွေး) အောက်ပါစည်းကမ်းချက်နှင့် ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။

လက်ခံသည့် မျက်မမြင်အမျိုးအစား

၁။ လုံးဝမမြင်သူများ
၂။ အနည်းငယ်မြင်သူများ (အမြင်အား $\frac{၁}{၁၀}$ ထက် မပိုသူ)
၃။ ကုသ၍ မရနိုင်သည့် မျက်မမြင်များ

စည်းကမ်းချက်

၁။ စာပေနှင့် လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူဖြစ်ရမည်။
၂။ အသက် ခြောက်နှစ်မှ ၁၈နှစ်အတွင်း ဖြစ်ရမည်။
၃။ မိဘ သို့မဟုတ် အုပ်ထိန်းသူရှိရမည်။

အထက်ပါ အချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း အမှတ် ၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်မြို့နှင့် ပြည်နယ်၊ တိုင်းအသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံးများမှ တစ်ဆင့် သတ်မှတ်ထားသော လျှောက်လွှာပုံစံများ တောင်းယူ၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရပါက သင်တန်းသား၏ စားဝတ်နေရေး အားလုံးကို နိုင်ငံတော်မှ တာဝန်ယူပါမည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၀၄ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်း အမှတ် ၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်၊ ဖုန်း ၀၁–၅၃၅၅၄၈၊ ၅၃၈၃၀၉၊ ၅၃၈၃၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောင်းအုပ်
မျက်မမြင်ကျောင်း၊ ကြည့်မြင်တိုင်၊
လူမှုဝန်ထမ်းဦးစီးဌာန။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးမြို့၊ အမှတ် ၃၇၅၊ ရန်ကုန်–မန္တလေးလမ်းမကြီး၊ ဥသာမြို့သစ်နေ
ဦးကျင်အောင်–ဒေါ်ငွေကြည်(သံရောင်းဝယ်ရေးနှင့်နန်းဆွဲလုပ်ငန်း)တို့၏သားကြီး
ဗိုလ်ကြီးဇော်မင်းအောင် B.Sc(D.S.A) တပ်မတော်(လေ)နှင့်
ပဲခူးမြို့၊ အမှတ် ၄၅၆၊ ပြည်တော်သာ ၂ လမ်းနေ
ဦးတင်အုန်း–ဒေါ်သီတာဦးတို့၏တစ်ဦးတည်းသောသမီး
မလဲ့ဝတ်ရည် B.C.Sc; B.Sc(Zoology)
တို့သည် ၂၄–၄–၂၀၀၄ ရက်(စနေနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇော်မင်းအောင်–မလဲ့ဝတ်ရည်။

(၁၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေဦးဘိုစိုး (မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)နှင့် မေမေဒေါ်ခင်နှင်းဆီ (နှင်းဆီဘိုစတိုး)တို့၏ ၂၀၀၄ ခုနှစ် မေ ၇ ရက်တွင် ကျရောက်သော (၁၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊စိန်ရတုတိုင်အောင် ချစ်သမီးများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

သမီးကြီး – ဝင်းလဲ့လဲ့နှင်းဆီဘို
အဋ္ဌမတန်း–အထက(၂)ဗဟန်း
သမီးလတ် – အေးမြမြနှင်းဆီဘို
ပဉ္စမတန်း–အထက(၂)ဗဟန်း
သမီးငယ် – သင်းပျံ့ပျံ့နှင်းဆီဘို
အမက(၁၈)တာမွေ။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်များ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်များသည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၇၄) ဟုခေါ်တွင်သော ငါးထပ်အဆောက်အအုံ တောင်ဘက်ခြမ်းရှိ (မျက်နှာမူ၍ ကြည့်သော် လက်ယာဘက်အခြမ်း)ရှိ မြေညီထပ်(ဟောင်ကောင်ပုံနှစ်ထပ်)တိုက်ခန်းကို ပိုင်ရှင်ဖြစ်သူနှင့်လက်ရှိဖြစ်သူ ဦးထွန်းရွှေ(ခ)ဦးတီတီလေးထံ စရန်ပေး ဝယ်ယူထားပါသည်။ ယင်းသို့ ဝယ်ယူခြင်းအပေါ် ကန့်ကွက်လိုသူရှိပါက အထောက်အထား အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ စာဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်၌ ကန့်ကွက်ခြင်းမရှိလျှင် အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမြဟန်
B.A(Law)., LL.B.,D.B.L., D.M.L တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅ (ဒုတိယထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ရန်ကုန်မြို့။
ဖုန်း–၅၃၈၃၃၂၊ ၀၉–၅၀–၂၀၉၈၁
၇၀၃၁၀၆၊ ၂၂၆၉၁၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၊ (အိပ်ချ်)[၂]၊ မြေကွက်အမှတ် တတိယတန်းစား (၂၂)၊ အကျယ်အဝန်း အလျား ၅၈ပေ x အနံ ၂၅ ပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၁၂၇၊ ၄၆ လမ်း၊ အမှတ် ၁၀ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်စောညွန့် ၁၂/ဗတထ(နိုင်)၀၀၉၁၃၆ ထံမှ ကိတ္တိမမွေးစားသမီးဒေါ်လင်းကြည်ဖြူသန့် ၁၂/ဗတထ(နိုင်)၀၀၀၈၀၈ က ကျန်အမွေစားအမွေခံ သားသမီးနှစ်ဦးဖြစ်သော ဒေါ်ခင်မေဦး ၁၂/ဗတထ(နိုင်) ၀၀၉၁၁၃နှင့် ဦးလှခိုင် ၁၂/ဗတထ(နိုင်)၀၀၈၃၉၆ တို့၏ သဘောတူညီချက်နှင့်အတူ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေး ပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လင်းကြည်ဖြူသန့်၏ညွှန်ကြားချက်အရ–
ဦးချစ်လွင်(Advocate)
B.Com(A.A)D.E.P;R.L
တရားရုံးချုပ်ရှေ့နေ(၂၈၅၉)
အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၂၉၇၈၃၀

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းလွင်(ခ)ဒေါ်ဘေဘီ အသက်(၄၉)နှစ်

ဆေးတက္ကသိုလ်(၂)သတ္တဗေဒဌာနမှ ကထိက ဒေါ်သန်းသန်းလွင်သည် ၂၂–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(မကွေး)**

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ကြိုင်ကြိုင်
(ဘိုကလေးမြို့နယ် အသင်းနာယက)
အသက် (၈၃)နှစ်

အနန္တကျေးဇူးရှင် မိခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ ၇–၅–၂၀၀၄ရက်တွင် တစ်လပြည့်မြောက်ပြီဖြစ်သော်လည်း ဝမ်းနည်းကြေကွဲ၍မဆုံးပါ။ မိခင်ကြီးအတွက် ရည်စူး၍ ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ကျန်ရစ်သူ သားသမီး၊မြေးတစ်စု။**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Development Studies (Dip.DS) [၉ လသင်တန်း]
(ခ) Diploma in Business Studies (DBS) [၉ လသင်တန်း]
(ဂ) Diploma in Management Accounting (DMAc) [၉ လသင်တန်း]
(ဃ) Diploma in Financial Accounting (DFAc) [၉ လသင်တန်း]
(င) Certificate in Advanced Business Studies (CABS) [၃ လသင်တန်း]
(စ) Certificate in Business Studies (CBS) [၃ လသင်တန်း]
(ဆ) Certificate in Agriculture & Rural Development (CARD) [၃ လသင်တန်း]

၁။ (က) Dip. DS သင်တန်းအတွက် တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိထားသူဖြစ်ရမည်။
(ခ) DBS, DMAc & DFAc သင်တန်းများအတွက် စီးပွားရေးတက္ကသိုလ်မှ ပေးသောဘွဲ့ရများ နှင့် ဒီပလိုမာများ၊ B.A(Eco), BM, CABS လက်မှတ်ရများ၊ DA, LCCI Level III(CAA) လက်မှတ်ရထားသူများဖြစ်ရမည်။
(ဂ) CBS& CARD သင်တန်းတို့အတွက် အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်(သို့) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မူရင်းနှင့် မိတ္တူ ပါရှိရမည်။
(ဃ) CABS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူ ဖြစ်ရမည်။ CBS လက်မှတ်ရများလည်း လျှောက်ထားနိုင်သည်။ (လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက သီးခြားစဉ်းစားမည်။)
၂။ လျှောက်လွှာစတင်ရောင်းချမည့်နေ့/လက်ခံမည့်နေ့ – ၆–၅–၂၀၀၄(ကြာသပတေး)
၃။ လက်ခံလျှောက်လွှာပိတ်ရက် – ၁၉–၅–၂၀၀၄(ဗုဒ္ဓဟူးနေ့)
၄။ သင်တန်းစမည့်နေ့ – ၂၀–၅–၂၀၀၄(ကြာသပတေးနေ့)
၅။ လျှောက်လွှာရောင်းချ/လက်ခံမည့်နေရာ – ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ)
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း–၅၉၁၄၁၅၊ ၅၉၁၄၁၆၊ ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၆၆၂၅၁၅ တို့တွင် စုံစမ်းနိုင်သည်။
၇။ သင်တန်းသားဦးရေကန့်သတ်ထားသည်။

(တင်အောင်)
မော်ကွန်းထိန်းအဆင့်(၁)

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းအောင် (လ/ထအင်ဂျင်နီယာ၊အော်တို၊တောင်တွင်းကြီးမြို့)
အသက် (၅၁)နှစ်

ရခိုင်ပြည်နယ်၊သံတွဲမြို့၊ဦးပန်ဒိုးအောင်–ဒေါ်သန်းတင်တို့၏သား၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင် ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းနေ ဒေါ်မြငွေ(ဗဟိုကြေးနန်းရုံးကြီး)၏ ခင်ပွန်း၊ မအိအိမွန်၊မောင်ရဲပိုင်ဦးတို့၏ဖခင်၊ မကွေးတိုင်းတောင်တွင်းကြီးမြို့ အော်တိုအိတ်ချိန်း တာဝန်ခံ၊ လက်ထောက် အင်ဂျင်နီယာ ဦးသန်းအောင်သည် ၃–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်းနှင့် ၄–၅–၂၀၀၄ ရက် ၁၁ နာရီတွင် တောင်တွင်းကြီးသုသာန်၌သင်္ဂြိုဟ်ပြီး ၅–၅–၂၀၀၄ ရက် ၁၁နာရီတွင် တောင်တွင်းကြီးမြို့ အော်တိုအိတ်ချိန်း၌ ဆွမ်းသွတ်တရားနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ **မကွေးတိုင်းဆက်သွယ်ရေးမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမင်း
ကုန်သွယ်ရေး(၂)နှင့်တိုင်းသမအသင်းစု
မန်နေဂျာ(ငြိမ်း)(ထားဝယ်)
အသက်(၆၄)နှစ်

တိုင်းသမအသင်းစု မန်နေဂျာ(ငြိမ်း) ဦးသိန်းမင်းသည် ၁–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးဝင်းနိုင်–ဒေါ်ရီရီသန်းမိသားစု**
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။





ကျေးဇူးတင်ရှိခြင်း

၂–၅–၂၀၀၄ရက် တနင်္ဂနွေနေ့ နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးကျော်သိန်း (၆၆)နှစ်၏ ဈာပနကိစ္စအဝဝတွင် ကိုယ်အား၊စိတ်အား အပြည့်အဝနှင့် အကူအညီပေးခဲ့ကြသော Asian Trails Tour Ltd. မှ Operation Manager နှင့်ဝန်ထမ်းများ၊ ဧည့်လမ်းညွှန် ညီအစ်ကိုမောင်နှမများ၊ Silver Line Tour Ltd. မှ Managing Director နှင့် အဖွဲ့သားများ၊ အဘက်ဘက်မှ အကူအညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အားလုံးတို့အား ကျေးဇူးတင်ရှိပါသည်။
ကျန်ရစ်သူမိသားစု။

တိန်ဘွန်ပြင်(ခ)ဦးချစ်ရီ
(ကျောက်တန်းမြို့)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ အမှတ် ၁၆၄၊ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးတိန်ယုတ်ဝှါ–ဒေါ်အန်စီ)တို့၏သား၊ (ဒေါ်ကျင်ကျွတ်)၏ခင်ပွန်း၊ ကိုလှသွင်–မစန်းစန်းငွေ၊ ကိုလှခင်၊ မခင်ခင်ဝင်း၊ ကိုလှစိန်တို့၏ဖခင်သည် ၂–၅–၂၀၀၄ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၅–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

V5 PEPSODENT မှ မြန်မာ နှစ်ဦး အထူးအစီအစဉ်

V5 PEPSODENT သွားတိုက်ဆေးတစ်ဘူး ဝယ်ယူသူတိုင်းကို
V5 ရေမွှေးခေါင်းလျှော်ရည် နှစ်ထုပ်နှင့် V5 အမှတ်တံဆိပ် ပန်းကန်ဆေး ဆပ်ပြာဆီ
50ml တစ်ဘူးတို့ကို နှစ်သစ်ကူး အထူးလက်ဆောင်အဖြစ် ပူးတွဲထည့်သွင်းပေးထားပါသည်။
မိမိဝယ်ယူသော ဆိုင်များတွင် လက်ဆောင်ပစ္စည်းကို တစ်ပါတည်း တောင်းယူနိုင်ပါသည်။

ကောင်းခြင်းငါးမြာပြည့်ဝတဲ့
V5
VERY CLEAN
✱ WHITE
✱ STRONG
✱ GOOD
BEST OF THE BESTS

V5 ရေမွှေးခေါင်းလျှော်ရည် V5 ပန်းကန်ဆေး ဆပ်ပြာဆီ

ဖြန့်ဖြူးရေး - Ta-Fa Trading Co., Ltd. အမှတ်(၅၈)၊ ရွှေတောင်တန်းလမ်း၊ ဟဲလမ်ပေတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၄၈၅၈
စ-၂၁၀/၂၁၁၊ (စတုတ္ထထပ်)၊ အဆင့်မြင့်မင်္ဂလာဈေး၊ ဖုန်း-၂၀၁၈၉၉ လိုင်းခွဲ-၃၀၃၂
အမှတ်(၁၂)၊ ၂၆(ဘီ)လမ်းနှင့် ၈၉ လမ်းထောင့်၊ ဓိရဒသာထိုက်တိုက်တန်း၊ မန္တလေး၊ ဖုန်း- ၀၂-၃၉၃၀၀

မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန နှင့် အင်္ဂါစိုင်လူမှုဆီ Services International (SI) Co., Ltd. တို့အကျိုးတူပူးပေါင်းတည်ဆောက်လျက်ရှိသည့်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၇) ရပ်ကွက်၊ မြို့ဦးစေတီရွှေ ဝန်းရိပ်ရှောင်နှင့် စီးရေကျော်တော်ဆိုသည့်ကြီးအနီးတွင် တည်ရှိသော ရွှေပင်လုံအိမ်ရာစီမံကိန်း (ယခင်ဒဂုံနိုင်ငံ) တွင်
ပါဝင်သည့် လုံးချင်းတိုက်များ၊ တိုက်ခန်းများ၊ မြေကွက်များကို အောက်ပါဈေးနှုန်းများအတိုင်း ဦးရာလူနေမြင့်စေတင်ရောင်းချပေးနေပါပြီ.......

အဆင့်မြင့်နှစ်ထပ်တိုက်လုံးချင်းအိမ်ပုံစံ
တာပဲ သိချင် သိချင်
ငါးထပ်လေးခန်းတွဲတိုက်ခန်းပုံစံ

အင်္ဂါစိုင်လူမှုဆီရုံးခန်းတည်ရှိရာ- အမှတ် (၃၃) နဂါးလမ်း၊ လှိုင်ရပ်ကွက်၊ ရန်ကုန်မြို့။ ဖုန်း-၂၅၃၂၂၅၊ ၂၄၆၁၈၈၊ ၂၀၁၄၈၈ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ရွှေပင်လုံစီမံကိန်းတွင် ... shopping complex ...

MCC (ကျောက်ဆည်)
ဖွင့်လှစ်ခြင်းအတွက် MCC မိသားစုမှ ကြိုဆိုပါ၏
1. MCC - South Oakkalapa
2. MCC - Mandalay
3. MCC - BSA
4. MCC - Pathein
5. MCC - Myitkyina
6. MCC - Pyinmana
7. MCC - Meiktila
8. MCC - Yenanchaung
9. MCC - Kalay
10. MCC - Lashio
11. MCC - Myaung Mya
12. MCC - Maubin
13. MCC - Kamayut
14. MCC - Kaw Thaung
15. MCC - Thingangyun
16. MCC - Hlaing Tharyar
17. MCC - Myin Chan
18. MCC - Pakokku
19. MCC - Hinthada
ကန်ဦးရေပ်၊ လက်ပြတိုင်နှင့် သံလမ်းကိတ်ကြား
သိမ်ကြီးဈေး(ဗီ)ရုံ၊ ... ဖုန်း-၃၀၁၀၈၉၅၊ ၂၄၅၅၅

ကန့်ကွက်နိုင်ရန်ကြေညာခြင်း

ကျွန်တော် ဦးနိုင်ဝင်းချို ယခုလက်ရှိနေထိုင်လျက်ရှိသည့် အခန်း၄၈၊ တိုက်အမှတ် ၁၅၊ ပြည်ရိပ်မွန်အိမ်ရာ(၂) ကမာရွတ်မြို့နယ်ရှိ အခန်းကို ယင်းအခန်းပိုင်ရှင်ထံမှ လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။ ၂၀-၅-၂၀၀၄ရက်တွင် အရောင်းအဝယ် အပြီးအပိုင်ပြုလုပ်မည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ အထက်ပါနေ့မတိုင်မီ အထောက်အထားအပြည့်အစုံဖြင့် ကျွန်တော့်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

နိုင်ဝင်းချို
အမှတ် ၁၅၇၊ မြိတ်လမ်း၊ ဒဂုံတောင်။

ဝမ်းနည်းကြေကွဲခြင်း

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ ဦးကျော်ဝင်း အသက်(၄၂)နှစ်သည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊
အဖွဲ့အောက်ရှိဦးစီးဌာနများနှင့်တက္ကသိုလ်များမှညွှန်ကြားရေးမှူးချုပ်များ၊
ပါမောက္ခချုပ်များနှင့် ဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဦးအောင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက်(၆၀)

ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာဦးအောင်သည် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခ(ဌာနမှူး)ဒေါက်တာမောင်မောင်ဌေးနှင့်
ဆရာ ဆရာမများ၊ဝန်ထမ်းများ၊ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
ဦးကောင်းညွန့် B.Sc (Hons), M.Sc
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း)ဒဂုံတက္ကသိုလ်
အသက်(၆၉)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကောင်းညွန့်သည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပညာရေးဝန်ကြီးဌာန။**

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မိုင်ချစ်အောင်
အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)
သံတွဲမြို့
အသက် (၆၅)နှစ်

သံတွဲမြို့နေ(ဦးစိန်ခို-ဒေါ်စိန်)တို့၏ သမီးကြီး၊ သံတွဲမြို့အမှတ် ၄ ရပ်ကွက်၊ မဟာမြိုင်လမ်း (လျှပ်စစ်ဝင်း)နေ ဦးကိုကိုလေး (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်မိုင်ချစ်မေ၊ ဒေါ်မိုင်ချစ်မြ၊ ဒေါ်မိုင်ချစ်လှတို့၏ အစ်မကြီး၊ ဦးဆလိုင်းမိုးလွင် (SAE-မြို့နယ်လျှပ်စစ်၊ ကျောက်ဖြူ) ဒေါ်မိုင်တူးမာလွင်(လက်ထောက်ဘဏ္ဍာရေးမှူး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ စစ်တွေ) ဒေါ်မိုင်ဝင်းမာလွင် (မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကုတ်) ဆလိုင်းဇော်မိုးလွင်(ရိုးမဘဏ်၊(ရုံးချုပ်)ရန်ကုန်၊ ဆလိုင်းစိုးမိုးလွင် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သံတွဲ) တို့၏မိခင်၊ ဆလိုင်းအောင်ထက်ခန့်၊ မိုင်သံသာလွင်တို့၏အဘွားသည် ၁၄-၄-၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၄-၂၀၀၄ ရက်တွင် သံတွဲမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြူကြူအေး (ချောက်)

အသက်(၈၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက် ၈၊ အခန်း ၅၀၁ နေ ဗိုလ်မှူးဘိုဘို(ငြိမ်း)-ဒေါ်သင်းသင်းစိုး၊ ဦးကိုကိုနိုင်-ဒေါ်ခင်ဖြိုးဖြိုးအောင်တို့၏မိခင်၊ ကိုသက်ထူးမောင်၊ မဥမ္မာဘိုဘိုတို့၏အဘွားသည် ၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောဖော်တာလူး

ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ဆည်မြောင်းဦးစီးဌာန

အသက်(၇၆)နှစ်

အိမ်အမှတ် မ/၅၈ (ခ)၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်နေ (ဦးယူဂျင်းလူး-ဒေါ်ကက်သရင်းဖိုးမြတ်)တို့၏သားကြီး၊ (ဒေါ်ဟယ်လင်လူး)၏ခင်ပွန်း၊ ဦးအောင်ကျော်ဇော-(ဒေါ်ဟဲနာသင်း)၊ ဒေါ်ဂျယ်နီလူး-ဦးဗစ်တာမိုင်းနပ်စ်၊ ဒေါ်စင်ဒီလူး-ဦးရဲထွဋ်သိန်း၊ ဒေါ်ကေသီလူး-ဦးစောလူးသယ်၊ ဒေါ်ဝင်ဒီလူး-ဒေါက်တာစောခင်မောင်ထွေး၊ ဦးအောင်ကျော်လတ်-ဒေါက်တာနော်ဝါးဆက်ဖိုး၊ ဦးအောင်ကျော်ထွေး-ဒေါက်တာနော်ခေမာချိန်တို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုးသည် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၄း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပြည်လမ်း တက္ကသိုလ်နယ်မြေရှိ ယုဒသဿန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်နှင့် ရွှေပြည်သာ နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောဖော်တာလူး

ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ဆည်မြောင်းဦးစီးဌာန

အသက်(၇၆)နှစ်

အိမ်အမှတ် မ/၅၈(ခ)၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်နေ (ဦးယူဂျင်းလူး-ဒေါ်ကက်သရင်းဖိုးမြတ်)တို့၏သားကြီး၊ (ဒေါက်တာစောအယ်လ်ဖိုးရာလူး-နော်စေးစေးဖော)၊ (နော်အဲဘရက်တာလူး)-ဦးစောကျော်လှ၊ (ဦးစောရော့စကိုလူး)-နော်ကျင်ရီ၊ (ဦးစောဆိုင်လပ်စ်လူး)-ဒေါ်လှမြင့်၊ ဒေါ်ဘီစက်ထရစ်လူး-ဦးစောမေးလယ်၊ ဦးစောဂျွန်လူး-ဒေါ်သောင်းမြ၊ နော်ချာရတီလူး-ဦးစောအီးနော့တို့၏အစ်ကိုကြီးသည် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၄း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၅-၂၀၀၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ပြည်လမ်း တက္ကသိုလ်နယ်မြေရှိ ယုဒသဿန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်နှင့် ရွှေပြည်သာနေအိမ်တို့မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဆရာမကြီး ဒေါ်မြမြဝင်း(ခ) ဒေါ်မြမြ (ပုသိမ်)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၆၁/ခ၊ သုဒဿန ၁ လမ်း၊ (၁၆)ရပ်ကွက်၊ အပိုင်း(၂)နေ (ဦးထွန်းရှိန်-ဒေါ်ထွေးတင်)တို့၏သမီး၊ ဦးညွန့်မောင်၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်မြမြသန်း၊ ဦးထွန်းထွန်း(ဦးပဥ္စင်း ဓမ္မရံသီ)တို့၏အစ်မ၊ ဦးခင်မောင်ဦး(Director Bagan Myanmar Customs Clearance Agency)-ဒေါ်ဆွေဆွေမြင့်၊ ဦးကျော်ကျော်မိုး(မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး) - ဒေါ်မိမိတင်တို့၏မိခင်၊ ဒေါက်တာအောင်ထွန်း-ဒေါ်သန္တာဝင်း၊ ဦးစိုးမင်းတို့၏အဒေါ်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U Lio Lan

အုပ်ခွဲတပ်ကြပ်ကြီးလီယိုလန်း

(ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်-အသင်းသား)

အသက်(၅၉)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ လုံဘမ်းကျေးရွာ(UHnun Kim-Daw Bawi Lung) တို့၏ သား၊ Daw Zun Mang ၏မောင်၊ U Zam Ve-Daw Duh Hlen ၊U Ruang Ngam-Daw Thian Cer တို့၏အစ်ကို၊ ရေတပ် အိမ်ထောင်သည်လိုင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့နေ Daw Nuam Cer (ဒေါ်နွယ်)၏ ခင်ပွန်း၊ မောင်အောင်ကျော်ဦး(ပထမနှစ်ပထဝီ)၊ မအေးချယ်ရီခိုင်(ဒုသမတန်း)၊ မအေးသဇင်လင်း(ဒုတိယတန်း၊အမက-၁၂၊ သာကေတ)တို့၏ဖခင်သည် ၅-၅-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင်တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံအအေးတိုက်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ကားများရေတပ်အိမ်ထောင်သည်လိုင်း၊ ဒေါပုံနှင့် ချင်းနှစ်ခြင်း ခရစ်ယာန်သာသနာ့ရိပ်သာမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်မှီ (ညောင်လေးပင်)

အသက်(၇၄)နှစ်

ညောင်လေးပင်မြို့နေ (ဦးရုံပိုး-ဒေါ်ဒေါ်ဆင့်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးသန်းနိုင်-ဒေါ်ခင်မြင့်တီ)တို့၏ညီမ၊ (ဦးသိန်း၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်ရီရီဆွေတို့၏အစ်မ၊ဗိုလ်မှူးကိုကိုနိုင်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ကုန်လမ်းပို့ဆောင်ရေး)-ဒေါ်မာလာဖြူ(ကထိက၊စီးပွားရေးအဝေးသင်တက္ကသိုလ်)၊ ဦးတင်စိုး(ပါမောက္ခချုပ်)ယဉ်ကျေးမှုတက္ကသိုလ်-ဒေါ်သက်သက်နိုင်(ကထိက)အင်္ဂလိပ်စာဌာန၊ယဉ်ကျေးမှုတက္ကသိုလ်၊ ဗိုလ်မှူးမောင်မောင်စိန်(M.D စိန်သုံးလုံးကျောက်မျက်ရတနာကုမ္ပဏီလီမိတက်) - ဒေါ်ဖြူလေးနိုင်(တရားရုံးချုပ်ရှေ့နေ)၊ ဦးညီညီနိုင်(2^{nd} Mate Hanseatic)-ဒေါ်ထွေးထွေးမြင့် (ဒါရိုက်တာ၊ စိန်သုံးလုံးကျောက်မျက်ကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်နိုင်-ဒေါ်နွယ်နွယ်ညွန့်၊ မောင်ဝင်းကိုကိုသိန်း(C.Y.C)၊ မောင်နိုင်ကိုကိုသိန်း၊ မောင်ကောင်းဇံ-မဝင်းပပသိန်းတို့၏အဒေါ်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆-၅-၂၀၀၄ ရက် နံနက် ၄း၃၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၅၊ အောင်သီရိ ၆ လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး

ဒေါ်တင်ရွှေ (ဗဟိုစည်)

(မေစတိုး)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၂၇၁၊ အနော်ရထာလမ်းနေ (ဦးဟန်ခိုတင်)၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်အိအိသိန်း၊ ဦးဝင်းဟန်-ဒေါ်အေးမိစံ၊ ဦးမြင့်လွင်-ဒေါ်စိုးစိုးလှိုင်(Nintendo)၊ မအေးအေးခိုင်တို့၏မိခင်၊ မရူပါဟန်၊ မောင်မြတ်မင်းထက်၊ မောင်သံလွင်၊ မဆုပြည့်စုံ၊ မောင်အံ့ထူးအောင်တို့၏အဘွားသည် ၅-၅-၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စင်ဆောင်းခွန်ဆမ်(ခ)မဆောင်း

(လားရှိုးမြို့)

အသက်(၄၁)နှစ်

လားရှိုးမြို့၊ရပ်ကွက်(၁)၊မြဝတီလမ်း၊ အမှတ် ၁၉ နေ အဘ(ဝဏ္ဏကျော်ထင် ဦးစဝ်ခွန်ဆမ်)-အမိ(ဒေါ်နန်းဆွေ)တို့၏ချစ်လှစွာသောသမီးထွေး၊ ဒေါ်စဝ်အမ်းအောင်(ဒေါ်ဝိုင်းလက်)၊ ဦးခွန်ထွန်းလူ(ခ)ဦးဒစ်ကီ-ဒေါ်မာဂရက်၊ ဒေါ်စဝ်နန်းအုပ်(ခ)မလော်ရင်း၊ ဒေါ်စဝ်နန်းပန်(ခ)မဖိန်း၊ (ဦးစဝ်ခွန်ဖုန်း)၊ ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်၊ (ဦးခွန်သန်းထွန်း)၊ ဦးခွန်ခယ်တို့၏ချစ်လှစွာသော ညီမထွေး၊ ခွန်ဖုန်းမြတ်စိုး၊ ခွန်စောမင်းခေါင်၊ စဝ်သန္တာထွန်း၊ မဝတ်မှုံထွန်း၊ မောင်ရဲမင်းကိုကို၊ ဗိုလ်လောင်းသီဟကိုကို၊ မစောသီရိကိုကို၊ မောင်စည်သူကိုကိုတို့၏ချစ်လှစွာသောဒေါ်လေးသည် ၅-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမြင့်သိန်း(ခ)ဦးအီဟော့

(ဘိုကလေးမြို့)

အသက်(၈၀)

ဘိုကလေးမြို့နေ (ဦးကြာငန်း-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဦးသက်ဇင်(ခ)ဦးအီလျှောင် - ဒေါ်တင်ရွှေတို့၏ ညီ၊ ရန်ကုန်မြို့၊ ကိုင်းတန်းလမ်း၊ အမှတ် ၃၂ နေ ဦးကျင်မောင်-ဒေါ်စိန်စိန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ အမှတ် ၄၈(ပထမထပ်)၊ ၈ လမ်းနေ ဒေါ်ကျော့စိန်၏ခင်ပွန်း၊ ဦးသန်းစိုး-ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ ဦးခင်စိုး-ဒေါ်ခင်စမ်းရီ၊ ဦးအောင်ကျော်ညွန့်-ဒေါ်ခင်ငွေးရီ၊ ဦးကျော်စိုး-ဒေါ်ခင်နွဲ့ရီ၊ ဘိုကလေးမြို့နေ ဦးအောင်စိုး-ဒေါ်မာမာခိုင်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၈၊ ၈လမ်း နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး

ဒေါ်လှကြည် (ကွမ်းခြံကုန်းမြို့)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၄၊ အခန်း ၉ နေ ဦးမောင်လှ၏ဇနီး၊ ကိုမျိုးညွန့်-မစန်းစန်းရီ၊ ကိုဖေသန်း(ကြေးတိုင်နှင့်မြေစာရင်း၊ မြိတ်မြို့)-မစန်းစန်းအေး၊ ကိုစံလွင်-မခင်ဝင်းကြည်၊ ကိုအောင်ထွန်း-မစိုးစိုးရီ (စိုးစံလင်း ကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်တင်စိန်

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဈေး ၁ လမ်း၊ အမှတ် ၄၆၂ နေ (ဦးဘချစ်-ဒေါ်လှအုန်း)တို့၏သမီး၊ ဦးသန်းလှ၏ဇနီး၊ ဦးဘဏ်တင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးဘဏ်ရင်-ဒေါ်ခင်မာချို၊ ဒေါ်ဝင်းတင်-ဦးရှင်းဟုတ်၊ ဒေါ်သန်းငွေး-ဦးအောင်တင်ရွှေ၊ ဒေါ်အေးအေးစန်း-ဦးလှဝင်း၊ ဒေါ်မြင့်မြင့်လေး-ဦးမြင့်လွင်၊ မောင်အောင်မြင့်ကြိုင်တို့၏မိခင်ကြီး၊မြေး ၁၄ယောက်တို့၏အဘွားသည် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၆း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၈-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအုန်းဟန်ဦး(ခ)ကိုဦး

(ပဲခူး)

အသက်(၄၀)

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ မြယမုံစားသောက်ဆိုင်ပိုင်ရှင် ဦးသောင်းဟန်-ဒေါ်ခင်သိန်းတို့၏ သားကြီး၊ကိုမျိုးဟန်-မအေးအေးသန်း၊ကိုမင်းဟန်-မခင်သန္တာတို့၏ အစ်ကိုကြီး၊ မောင်သိန်းမျိုးထွန်း (ထ-၂၊ လသာ)၊ မခင်ပြည့်စုံ(ထ-၁၊ ပန်းဘဲတန်း)တို့၏ ဖကြီးသည် ၅-၅-၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြယမုံ စားသောက်ဆိုင်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မီ (ကျုံပျော်)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်အမှတ် ၂၁၆/၂၂၂၊ အခန်း စီ-၆၊ မဟာဗန္ဓုလလမ်းနှင့် ၄၉လမ်းထောင့်၊ ဗိုလ်မြတ်ထွန်းအိမ်ရာနေ (ဦးအဟောင်-ဒေါ်ရုပ်)တို့၏သမီး၊ ဦးကျင်စိန်၏ဇနီး၊ ဦးခင်မောင်လတ်-ဒေါ်အေးအေး၊ (Dr. ချူပိန်ရှင်း)-Dr.တင်တင်လှိုင်၊ ဦးမြင့်သိန်း(MOGE)၊ စုစုလှိုင်(YGH)၊ ဦးရွှေလှဝင်း-ဒေါ်ယယ်ယယ်စိန်ဦးစန်စု-ဒေါ်ဖြူဖြူတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာမကြီး

ဒေါ်ကြင်

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ စည်ပင်အားကစားဝင်း၊ အိမ်အမှတ် ၁ နေ (ဦးဝင်း-ဒေါ်စိမ်းမြ)တို့၏သမီး၊ ပဲခူးမြို့နေ(ဦးသိန်း-ဒေါ်တင်ညွန့်)၊ (ဦးအောင်ရွှေ-ဒေါ်ညွန့်)တို့၏ညီမ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၁၊ စစ်မှုထမ်းဟောင်း၊ စံပြရွာ(၄/၂/၁၆)နေ အရာခံဗိုလ်(ငြိမ်း) ဦးခင်မောင်ညွန့်၏ဇနီး၊ ဒေါ်မြမြစိမ်း(ခရီး)၊ (ဗိုလ်ကြီးဇော်ဝင်း)၊ ဦးသန်းအေးမော်(ကြီးကြပ်ရေးမှူး၊အခွန်ဌာန၊မြို့တော်စည်ပင်)-ဒေါ်တင်တင်နိုင်၊ ဦးစိန်မြင့်(ဌာနစုမှူး၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ မြို့တော်စည်ပင်)-ဒေါ်ယဉ်ယဉ်ငွေး၊ ဦးဇော်မြင့်ဦး-ဒေါ်အေးအေးမြင့်(အလက-၄၊ ဒဂုံမြို့သစ်-အရှေ့ပိုင်း)၊ ဦးကျော်မင်း(ဌာနမှူး၊ စီမံရေးရာဌာန၊ မြို့တော်စည်ပင်)-ဒေါ်သီရိပွင့်၊ ဗိုလ်ကြီးတင်ငွေး(ငြိမ်း)-ဒေါ်တင်တင်နွယ်၊ ဦးမြင့်မောင်-ဒေါ်သင်းသင်းမြင့်(ကော့သောင်း)တို့၏မိခင်၊ မြေး ၂၀ ယောက်တို့၏အဘွားသည် ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်)။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့် (ဖျာပုံ)

အသက်(၇၈)နှစ်

ဖျာပုံမြို့၊မြောက်ပိုင်းရပ်(ဦးဘဆန်း-ဒေါ်ငွေစိန်)တို့၏သမီး၊ တိုက် ၁၅၀၊ အခန်း ၁၊ သန္တာလမ်းသွယ်၊ ရေနံ့သာလမ်း၊ သုဝဏ္ဏမြို့၊ (၂၄)ရပ်ကွက်နေ (ဗိုလ်ကြီးမင်းနောင်)၏ဇနီး၊ ဒေါ်ခင်သန်းနွယ်၊ (ဒေါ်ချိုချိုမင်းနောင်)၊ (ဒေါ်ခင်ဝင်းနု)၊ ဦးသက်မင်းတို့၏မိခင်၊ မြေး ၂၀ယောက်တို့၏အဘွားသည် ရွှေဂုံတိုင်ဆေးခန်း၌ ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တီခေးချောင်း(ခ)ဦးမင်းလွင်

အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးအေးစ)-ဒေါ်ကင်အိန်းတို့၏ စတုတ္ထသား၊ ဦးအန်ကြီး-ဒေါ်ရှအိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၁၈ လမ်း၊ အမှတ် ၃၀ နေ ဒေါ်မြကြည်၏ခင်ပွန်း၊ မသင်ဇာလွင်(သတ္တမတန်း) အထက(၂)လသာ၏ဖခင်သည် ၅-၅-၂၀၀၄ရက် ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ဆေးရုံကြီးမှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စောရီ (ဟင်္သာတ)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ် ၇၅ နေ (ဦးဘိုးစိုး-ဒေါ်မြလေး)တို့၏သမီး၊ (ဦးဘိုးတက် - ဒေါ်ငွေ)တို့၏ သမီးချွေးမ၊ (ဦးတင်မောင်) (အငြိမ်းစား၊ ဘဏ်မန်နေဂျာ)၏ဇနီး၊ ဦးအောင်ခိုင်(ကပစ၊ စီမံကိန်း၊ MEPE ရန်ကုန်)၊ ဒေါ်ကစ်တီဝေ၊ ဦးမျိုးမြင့်(ညွှန်မှူး၊ အထွေထွေစီမံ၊ စွမ်းအင်ဝန်ကြီးဌာန) ဒေါ်နွဲ့နွဲ့ရီ၊ ဒေါက်တာသန်းဝင်း ဒေါက်တာညိုညိုကြိုင်(ကျန်းမာရေးဦးစီးဌာန)၊ ဦးကျော်ကျော် ဒေါ်အေးအေး (တောင်ကြီး)၊ ဦးအောင်ကျော်ဝင်း (CE Green Light Co., Ltd.) ဒေါ်သန်းသန်းဝေ၊ ဦးချစ်မောင်မောင်လွင်(MD ရောနဒီကုမ္ပဏီလီမိတက်) ဒေါ်သင်းသင်းရီတို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွားသည် ၆-၅-၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၇၅၊ ရတနာပုံလမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးအေးစီ(ခ)ဦးအေး

(သထုံ/ဒိုက်ဦး)

အလုပ်ရုံမှူး

(သံမဏိစက်ရုံ၊အင်းစိန်၊ငြိမ်း)

အသက်(၇၈)နှစ်

ဒိုက်ဦးမြို့၊ ဖအောင်းဝဲကျေးရွာနေ (ဦးလေးရွှေ-ဒေါ်သိန်း)တို့၏ တစ်ဦးတည်းသောသား၊ သထုံမြို့၊ ဒီစတြိတ်ကောင်စီဝန်ထောက်(ဦးကျင်ဖေ-ဒေါ်ခင်ကျော့)တို့၏သားသမက်၊ ရန်ကင်းမြို့၊ တိုက်အမှတ် ၂၁၂၊ အခန်း ၃၁၊ အရှေ့ရန်ကင်း၊ ငါးလုံးတန်း၊ (၄)ရပ်ကွက်နေ ဒေါ်ခင်စောဦး(အထက်တန်း သူနာပြု၊ ငြိမ်း၊ သဇင်ဆေးကုခန်းနှင့် သဇင်ဆေးဆိုင်)၏ခင်ပွန်းသည် ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ရန်ကင်းနေအိမ်၌ ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကင်းနေအိမ်သို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်သန်း(ခ)ပင်စီပင့်ဌာ(ခ) ဒေါ်ကောက်ဘို့

(မော်လမြိုင်)

အသက်(၇၄)နှစ်

မော်လမြိုင်မြို့နေ(ဦးပင့်ငါ-ဒေါ်ဘိန်လွမ်)တို့၏တတိယသမီး၊ (ဦးစိန်ချွေး-ဒေါ်ယုံ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် ၁၉၃ (ပထမထပ်)နေ [ဗိုလ်ကြီးမြင့်ဆွေ(ခ)ဦးဝမ်ဟိန်း]၏ဇနီး၊ (ဦးဆင်စွမ်-ဒေါ်ကြည်တင်)၊ (ဦးရန်စိန်-ဒေါ်မြမြစန်း)၊ ဒေါ်ကြည်ဝင်း၊ ဦးရန်အေးတို့၏ညီမ၊ ဒေါ်သန်းသန်းဝင်း၊ ဦးသန်းအောင်-ဒေါ်ဂလက်ဒစ်တို့၏ အစ်မ၊ မမြင့်မြင့်ကြည်၊ ကိုအေးကျော်-မညိုမီကံ ကိုဝင်းနိုင်တို့၏မိခင်၊ မစဦးနိုင်းမမီကျော်၏အဘွားသည် ၆-၅-၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၀၄ရက် (စနေနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးဟုန်(ခ) ဟုန်တွန်းဖု (ဟင်္သာတ)

(ခေတ်လိုက်ကုမ္ပဏီလီမိတက်)

အသက်(၆၁)နှစ်

ဟင်္သာတမြို့နေ (ဦးဟန်ရှင်-ဒေါ်ကျင်ဆိုင်)တို့၏သား၊ မူဆယ်မြို့နေ (ဦးမောင်ရေး)-ဒေါ်ဆွဲ့ငင်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၄၊ အခန်း ၃၀၆ နေ ဒေါ်နန်းလှကြည်၏ခင်ပွန်း၊ ဒေါ်ရှုဟုန်-(ဦးခင်မောင်မြင့်)၊ ဦးကိုကိုကြီး၊ ဒေါ်ကျင်ထွေး-ဦးရွှေပေါ်တို့၏ ညီ/မောင်၊ ကိုပေါက်စ-မယုံစွမ်းတို့၏အစ်ကို၊ မနန်းတင်နွယ်အေး-ကိုငွေးလှိုင်စိုး၊ မနန်းဆွေလှိုင်အေး၊ မနန်းခင်သန္တာအေးတို့၏ဖခင်၊ ကိုဖြိုး၏အဘိုးသည် ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပညာသီဟ

(အောင်သိပ္ပံကျောင်းတိုက်)

ပဓာနနာယကဆရာတော်ကြီး

သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သိပ္ပံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ပဓာနနာယက ဆရာတော်ကြီး၊ လယ်ဝေးမြို့နယ်၊ တည်ထောင်အုပ်စု၊ ကြံဖိုစုကျောင်း၊ စမတောင်ဩဝါဒါစရိယ၊ မြို့နယ်ဝိနည်းမိုရ်ဆရာတော်ဦးကုသလစာရ၏ နောင်တော်ကြီးဖြစ်တော်မူသော ဦးပညာသီဟသည် (၃-၅-၂၀၀၄ရက်) တနင်္လာနေ့ နံနက် ၇း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၇-၅-၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၂ နာရီတွင် အထက်ပါကျောင်းတိုက်မှ ကျီစုသုသာန်သို့ပင့်ဆောင်၍ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ဒါယကာ၊ဒါယိကာမများ။

ဒေါ်ခင်ပေါ (မြင်းခြံမြို့)

အသက်(၇၉)နှစ်

မြင်းခြံမြို့၊ အမှတ်(၃)ရပ်ကွက်နေ (ဦးထွန်းနိုင်-ဒေါ်ဖွားအုံ)တို့၏သမီး၊ (ဦးတင်မောင်) (နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်)၏ဇနီး၊ ရန်ကုန်မြို့နေ ပညာရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း-ဒေါ်ခင်မော်၊ ဦးအုန်းမောင်-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး-ဒေါ်လှလှဝင်း၊ ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း-ဒေါ်သန္တာဦးတို့၏မိခင်ကြီး၊ မြေး ၁၂ ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၅-၂၀၀၄ရက် နံနက် ၅း၃၀နာရီတွင် မြင်းခြံမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရွာဇီသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၁၂၊ ၅၃ လမ်းနေ (ရွှေဒုံးထွန်းလွင်)၏ဇနီး၊ နောင်ထွန်းလွင်(ရပ်ရှင်ဒါရိုက်တာ)-ဒေါ်တင်အေးမြင့်၊ ညီညီထွန်းလွင်(ရပ်ရှင်ဒါရိုက်တာ)၊ ဒေါ်ယဉ်ထွန်းလွင်(အလပြ၊ ဆရာမ)တို့၏မိခင်သည် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်မြနွယ်

(အင်းစိန်၊ထန်းတပင်)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ ၂ လမ်း၊ အိမ်အမှတ် ၄၉ နေ (ဦးဘိုးဒေါင်း-ဒေါ်ခင်)တို့၏သမီး၊ (ဦးမောင်ချစ်)၏ဇနီး၊ (ဦးလှစိန်-ဒေါ်တင်-ဒေါ်သောင်းရွှေ)၊ (ဦးလှတင်)-ဒေါ်ငွေဆိုင်၊ (ဦးချစ်တင်)-ဒေါ်ခင်ညွန့်၊ ဦးချိန်ဝမ်-ဒေါ်မြကြည်၊ ဦးသောင်းညွန့်-ဒေါ်ခင်မြိုင်၊ ဒေါ်မြရီ၊ (ဦးထွန်းအောင်)-ဒေါ်ခင်လှိုင်၊ ဦးသိန်း-(ဒေါ်သန်းသန်း)၊ဦးခင်သန်းတို့၏ညီမ/အစ်မ၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ ၂ လမ်းနေ ဦးသောင်းဟန်-ဒေါ်ခင်ရီ၊ ဦးတင်ဝင်း-ဒေါ်ကြည်ကြည်၊ ဦးအေးထွန်း-ဒေါ်ခင်မြင့်မြင့်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ရန်ကုန်မြို့ သုခမွှာဆေးခန်း၌ ၅-၅-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးကျော်

(ညောင်တုန်း-ပန်းတနော်)

တပ်ကြပ်(ငြိမ်း)

ကုန်သွယ်ရေး(၁၀)

ဆေးနှင့်ဆေးပစ္စည်း(ငြိမ်း)

အသက်(၆၉)နှစ်

ညောင်တုန်းမြို့နေ (ဦးဘသန်း-ဒေါ်မြသွေး)တို့၏သား၊(ဦးဘခင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်လှ၏ခင်ပွန်း၊ (ဦးစိုးမြင့်)-ဒေါ်ခင်ရီတို့၏မောင်၊ (ဦးသိန်းဟန်)-ဒေါ်စုတို့၏အစ်ကို၊ (ဦးအေးသွင်)-ဒေါ်ကြည်ငွေး၊ ဦးလင်းအောင်-ဒေါ်လှလှဝင်း၊ ဦးဝင်းတင်-ဒေါ်ယဉ်ယဉ်အေး၊ ဦးခင်ညို-ဒေါ်ဝင်းဝင်းခိုင်၊ ဦးမြကြိုင်-ဒေါ်သဇင်ညွန့်၊ ဒေါ်ယဉ်ယဉ်နွယ်၊ ဦးငြိမ်းအေး-ဒေါ်ကြူကြူဝင်း၊ ဦးသစ်ဆန်း-ဒေါ်သဥ္ဇာကျော်တို့၏ဖခင်၊ မြေး ၁၉ယောက်တို့၏ အဘိုးသည် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် အမှတ် ၇၉/၁၊ တတိုင်းမွှေးလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်မေမေရီ (ကျုံပျော်)

(ကျုံပျော်မြို့နယ်အသင်းနာယက)

အသက်(၇၇)နှစ်

(ဒေါ်ဖော့၊ကျုံပျော်)၏မြေး၊(ဦးအောင်သန်း၊ကျောင်းကုန်း-ဒေါ်သန်း၊ကျုံပျော်)တို့၏သမီး၊ (ရွှေဘိုမြို့ အောင်မြေဘုရားဒါယကာ၊ ဝတ်လုံတော်ရ ဦးအုန်းဖေ-ဘုရားအမ ဒေါ်စိန်လွင်)တို့၏ချွေးမ၊ (ဦးတင်မောင်မြင့်၊ ရွှေဘိုကြီး)၏ဇနီး၊ [ဦးရဲမြင့် (ယမုန်ဆွေ)၊ ရန်ကုန်တက္ကသိုလ်]- ဒေါ်မြင့်မြင့်သိန်း၊ ဦးရဲစိုး (လဝက၊ ငြိမ်း)-ဒေါ်အေးအေး(ခ)ဒေါ်လီလီအေး၊ ဒေါက်တာရဲကျော်စွာ (Medecins Du Monde)-မရည်ရည်မွန်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီး၊ အမှတ် ၂/၂၂၂၊ နဝရတ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မေမေရီသည် ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၂၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်လွင်(ခ) ဦးမောင်လေး (ရေနံချောင်း)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

(လဝက-၁၈၃၃)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၇၄ နေ (ဦးမောင်ကြီး-ဒေါ်စောလှ)တို့၏သား၊ ဒေါ်အေးသန့်၏ခင်ပွန်း၊ (ဦးခင်မောင်-ဒေါ်အုံးကြည်)၊ ဒေါ်ခင်ရီတို့၏မောင်၊ ဦးသန်းကြည်-ဒေါ်သန်းစိန်၊ (ဦးသိန်းရီ)-ဒေါ်ခင်ကြည်(ခ)ဒေါ်သက်တို့၏အစ်ကို၊ ဦးမျိုးမြင့် (ရန်ကင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး)-ဒေါ်သင်းသင်းမော်တို့၏ဦးလေး၊ ဦးထက်နိုင်လွင် (လဝက)-ဒေါ်မိုးသန္တာမြင့်ဦး၊စိုးနိုင်လွင် (လဝက)၊ ဦးတင့်နိုင်လွင်၊ ဦးဝင်းနိုင်လွင်-ဒေါ်ပပဝင်း၊ မသီတာလွင်၊ မမေယုလွင်၊ မခင်သန့်ဇင်၊ မောင်စိုးမြင့်လွင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၅-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ ရက်(သောကြာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ မိန့်ခွန်းပြောကြား

ရန်ကုန် မေ ၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်းစစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်း ပြောကြား

စာမျက်နှာ ၉ ကော်လံ ၁ ❐

ဗိုလ်လောင်းတပ်ခွဲ စစ်ဆေး

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။ (သတင်းစဉ်)

ထူးချွန်ထက်မြက်သည့် ကြက်ခြေနီမောင်မယ်များ အနာဂတ်ကာလတာဝန်ယူမည့် လူငယ့်အစွမ်းအစပြသ တိုင်းကျိုးပြည်ဆောင် လူမှုရေးစိတ်ဓာတ် လေ့ကျင့်ပျိုးထောင်ပြီး ပြည်သူယုံကြည်အားကိုးလာအောင် ကျင့်ကြံ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသိစိတ်ဓာတ်ဖြင့် ကျရာကဏ္ဍက တက်ကြွစွာပါဝင်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၁၃ ကော်လံ ၁ ■

ယနေ့ထုတ် စောင်ရေ ၂၀၀၇၅၅



ဖွံ့ဖြိုးတိုးတက်နေသော မိုးကုတ်မြို့

မန္တလေးတိုင်း မိုးကုတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို တွေ့ရစဉ်။ (သတင်း-၁၁)(သတင်းစဉ်)